# ဗုဒ္ဓသာသနာ သမိုင်း

သိဒ္ဓတ္ထ ဂေါတမ မည်သော ဗုဒ္ဓ၏ မွေးဘွားခြင်းမှ စတင်ခဲ့သည့် ဗုဒ္ဓသာသနာ၏ သမိုင်းသည် ခရစ်မတိုင်မီ ဘီစီ ၆ ရာစုမှ မျက်မှောက်ခေတ်တိုင်ဖြစ်၍၊ ယနေ့ခေတ်ကိုးကွယ်နေဆဲ သက်တမ်း အရှည်ဆုံး ဘာသာများ အနက်မှ ဘာသာတစ်ခု ဖြစ်သည်။ အိန္ဒိယပြည်မှ စတင်ခဲ့ပြီး အရှေ့အာရှ၊ အလယ်အာရှနှင့် အရှေ့တောင်အာရှ ဒေသများသို့ ပြန့်နှံ့ ထွန်းကားခဲ့သည်။ တစ်ပြိုင်နက်တည်း သို့မဟုတ် အချိန်ကာလ ကွဲပြားလျက် အာရှတိုက်၏ များစွာသော ဒေသများသို့ သက်ရောက်ခဲ့သည်။ ဗုဒ္ဓသာသနာ၏ သမိုင်းသည် များစွာသော ဖွံ့ဖြိုးရွေ့လျော မှုများကြောင့် မတူညီမှုများ ရှိသည့်အပြင် အချင်းချင်း ဂိုဏ်းကွဲများ ဖြစ်သည့် **ဟိနယာန၊ မဟာယာန** နှင့် **ထေရဝါဒ** တို့၏ ရိုးရာများသည်လည်း ထွန်းကားမှု မှေးမှိန်မှု အချိန်ကာလများမှာ ခေတ်ပြိုင် မဟုတ်ကြချေ။

## မာတိကာ


- (၁) ဗုဒ္ဓ၏ ဘဝတာ
- (၂) ရှေးဦး ဗုဒ္ဓသာသနာ
  - (၂–၁) ပထမ သံဃာယနာ (ဘီစီ ၅ ရာစု)
  - (၂–၂) ဒုတိယ သံဃာယနာ (ဘီစီ ၄ ရာစု)
- (၃) အာသောကမင်း၏ သာသနာဖြန့်ချိခြင်း (ဘီစီ ၂၆၁)
  - (၃–၁) တတိယ သံဃာယနာ (ဘီစီ ၂၅၀)
  - (၃–၂) ဂရိခေါ်မသို့
  - (၃–၃) သီရိလင်္ကာနှင့် မြန်မာသို့ ပြန့်နှံ့ခြင်း
- (၄) ဆွန်ဃ အင်ပါယာ (ဘီစီ ၂ –၁ ရာစု)
- (၅) ဂရိ–ဗုဒ္ဓ အပြန်အလှန်သက်ရောက်ခြင်း (ဘီစီ ၂ ရာစုမှ အေဒီ ၁ ရာစု)
  - (၅–၁) အာရှ အလယ်ပိုင်းသို့ ပြန့်နှံ့ခြင်း
- (၆) မဟာယာန ပေါ်ပေါက်လာခြင်း (ဘီစီ ၁ ရာစုမှ အေဒီ ၂ ရာစု)
  - (၆–၁) နှစ်ကြိမ်မြောက် စတုတ္ထ သံဃာယနာ
- (၇) မဟာယာန ထွန်းကားပြန်နှံ့ခြင်း (အေဒီ ၁ ရာစုမှ ၁၀ ရာစု)
  - (၇–၁) အိန္ဒိယ
  - (၇–၂) အာရှ အလယ်ပိုင်း မြောက်ပိုင်းဒေသ
    - ၇–၂ (က) အာရှအလယ်ပိုင်း
    - ၇–၂ (ခ) ပတ်သီးယ
    - ၇–၂ (ဂ) တာရင်း မြစ်ဝှမ်းဒေသ
    - ၇–၂ (ဃ) တရုတ်
    - ၇–၂ (င) ကိုးရီးယား
    - ၇–၂ (စ) ဂျပန်
  - (၇–၃) အရှေ့တောင်အာရှ
    - ၇–၃ (က) ဆရီ ဝိဂျာယန် အင်ပါယာ (အေဒီ ၇– ၁၃ ရာစု)
    - ၇–၃ (ခ) ခမာ အင်ပါယာ (အေဒီ ၉– ၁၃ ရာစု)
    - ၇–၃ (ဂ) ဗီယက်နမ်
- (၈) ဟိနယာန ဖြာထွက်ခြင်း (အေဒီ ၅ ရာစု)
- (၉) တကျော့ပြန် ထေရဝါဒ (အေဒီ ၁၁ ရာစုမှ –)
- အနောက်ဘက်သို့ ပြန့်နှံ့ခြင်း


PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

## (၁) ဗုဒ္ဓ၏ ဘဝတာ

ဗုဒ္ဓဝင်အရ ဗုဒ္ဓ သိဒ္ဓတ္ထဂေါတမ (ဘီစီ ၅၄၆–၃၂၄) အား မူလအစ မာဂဓမျိုးနွယ် ဖြစ်သည့် သကျ (သက်ကျ) မျိုးနွယ်မှ မွေးဘွားခဲ့ပေသည်။ သူ့အား သကျမုနိ ဟုလည်း သိမှတ်ကြ၍ အဓိပ္ပါယ်မှာ သကျ (သက်ကျ) မျိုးနွယ်၏ ပညာ ဟု ဖြစ်ပေသည်။

နောက်ပိုင်းတွင် မာဂဓတိုင်းပြည် အဖြစ် ပူးပေါင်းလိုက်သည့် ကပိလတိုင်း၏ ပြည့်ရှင်ဖြစ်သော ဖခင်ဖြစ်သူ သုဒ္ဓေါဓနေ ရာဇာ၏ အုပ်ထိမ်းမှုအောက်တွင် စည်းစိမ်များဖြင့် ခြံရံလျှက် ရှေးဦးဘဝကို ဖြတ်သန်း ခဲ့ပြီးနောက် သိဒ္ဓထသည် လောက၏ ပကတိဖြစ်စဉ်ကို ထိုးဖေါက် ဆိုက်ရောက်ခဲ့ပြီးနောက် လောကဟူသည် လွတ်မြောက်နိုင်ခြင်း မရှိ၊ ဒုက္ခ သောကများ ဝိုင်းရံလျှက်ရှိကြောင်းကို အဖြေထုတ်ခဲ့ပေသည်။ သူသည် သူ၏ အဓိပ္ပါယ် မဲ့သော စီးဇိမ်ခံစားမှုများကို ပစ်ပယ်လျှက် ရဟန်းဘဝကို ခံယူခဲ့ပေသည်။ သူ၏ အွန္တိမ အဓိဌာန်မှာ ရသေ့ရဟန်းဘဝဖြင့် ဒုက္ခ အပေါင်းမှ မလွတ်မြောက်နိုင်ဟု ဖြစ်၍၊ စိတ်အလိုအား အလွန်အမင်း နှိပ်ကွပ်ခြင်း၊ အလွန်အမင်း အလိုလိုက် ခြင်းကို ပါယ်သည့် အလယ်အလတ်လမ်းစဉ် မဇ္ဈိမပဋိပဋ္ဌာကို ရွေးချယ်ခဲ့ပေသည်။

ဖေါဓိညောင်ပင်ဟု သိမှတ်သည့် သဘော်ာသဖန်းပင်၏ အောက်၌ သစ္စာတရားကို မတွေ့မချင်း တစ်ဖဝါးမှ မခွာဟု သံဓိဌာန်ပြုလျှက် ကျင့်ဆောင်ခဲ့ပေသည်။ အသက် (၄၀)တွင် သဗ္ဗညုတ (ကုန်စင်သိ) ဉာဏ်တော်ကို ရရှိခဲ့၍ ဂေါတမ ဗုဒ္ဓဟု ထင်ရှား လာခဲ့ပေသည်။ ဗုဒ္ဓ၏ အနက်မှာ သဗ္ဗညုတဉာဏ်စဉ် ရရှိသူ၊ နိုးကြားသိရှိသူ ဟု ဖြစ်ပေသည်။

ကျန်သော သူ့သက်တမ်း ၄၅ နှစ်ကာလပတ်လုံး အန္ဒိယ အလယ်ပိုင်းဒေသ ဖြစ်သည့် ဂင်္ဂါ မြစ်ဝှမ်း တလျှောက် လှည့်လည်လျှက် လူမျိုးနွယ် ထွေထွေထံသို့ သြဝါဒများကို ပို့ချ ဖြန့်ချီခဲ့ပေသည်။

ဗုဒ္ဓ၏ အရိုက်အရာ ဆက်ခံမည့်သူဟူ၍ ခန့်အပ်မှု မရှိခဲ့ခြင်း၊ သြဝါဒများအား တရားဝင်ဖြစ်စေရန် မှတ်တမ်းတင်မှု ပြတ်လပ်ခဲ့ခြင်းကြောင့် နောင်နှစ်ပေါင်း ၄၀၀ အတွင်းတွင် အယူကွဲများစွာ ပေါ်ထွန်းလာခဲ့ပေသည်။ ပထမဆုံး အနေဖြင့် ယနေ့ ထေရဝါဒတွင်သာ ကျန်ရှိနေသော နိကာယ ဗုဒ္ဓဝါဒ အယူများနှင့်၊ ကျမ်းသစ်များ ရှေးဟောင်းနည်းများကို လက်ခံမှု၌ အခြေခံသည့် ဂိုဏ်းကွဲများဖြစ်သည့် မဟာယနနှင့် ဟိနယနများ ဟူ၍ ဖြစ်ပေသည်။

## (၂) ရှေးဦး ဗုဒ္ဓသာသနာ

ဘီစီ ၃ ရာစု သာသနာပြုမင်း အာသောက ရာဇာ မတိုင်မီထိ ဗုဒ္ဓသာသနာသည် ဂင်္ဂါမြစ်ဝှမ်းနှင့် ၎င်း၏ ရှေးဟောင်း ပင်မဌာနေများ၌သာ ဖြေးဖြေးချင်း ပြန့်ပွားလျှက် ရှိခဲ့၍၊ အသိုင်းအဝိုင်းအတွင်း စည်းကမ်း ဝိနည်းများနှင့် ပတ်သက်သော အငြင်းပွားဘွယ် ကိစ္စများကြောင့် ဗုဒ္ဓ၏ သြဝါဒ မူရင်းများကို ပြန်လည် စုစည်းသည့် သံဃာယနာ နှစ်ကြိမ်တင်ခဲ့ပေသည်။

### (၂–၁) ပထမ သံဃာယနာ (ဘီစီ ၅ ရာစု)

ပထမ သံဃာယနာကို ဗုဒ္ဓ အာယုသင်္ခါရလွှတ်ပြီး မကြာမီကာလ၌ပင် ယနေ့ ရာ့ဂျ်ဂျာရ် ဟုမည်သော ရာဂျာတ်ရီဟာ အရပ်တွင် ဗုဒ္ဓ၏ အဂ္ဂသာဝကကြီး ဖြစ်သော အရှင်မဟာကဿဖ ကြီးမှူးလျှက် ကျင်းပခဲ့ပေသည်။ အကြောင်းမှာ ဗုဒ္ဓ၏ သြဝါဒများနှင့် သွန်သင်မှု သုတ္တန်များကို ပြန်လည်မှတ်သားရန်နှင့် ရဟန်းများ အတွက် ဝိနည်းများကို သတ်မှတ်ရန်တို့ ဖြစ်ပေသည်။ ဗုဒ္ဓ၏ ညီဝမ်းကွဲလည်းဖြစ် အဓိက သာဝကများမှလည်း ဖြစ်သော အာနန္ဒာအား ဗုဒ္ဓ၏ ဟောပြောမှုများကို ဆင့်ပြန်စေပြီး၊ အခြားသော သာဝကကြီး ဖြစ်သည့် ဉပါလိအား ဝိနည်း ဉပဒေများကို ဆင့်ပြန်စေခဲ့ပေသည်။ ၎င်းတို့မှ ပိဋက ကျမ်းတော်၏ အခြေခံများ ဖြစ်လာ၍ ပါဠိ၊ တရုတ် တိဘက် ဘာသာများဖြင့် စုစည်းထားသည် ဟု ဗုဒ္ဓရာဇဝင် မှတ်တမ်းများ အရ လက်ခံထားပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

သံဃာယနာတင်သည် ဆိုခြင်းမှာ ဗုဒ္ဓဟောခဲ့သော တရားတော်များကို အမျိုးတူရာ၊ သဘောတူရာကို စု၍ ပိဋိကအားဖြင့်ခွဲ၍၊ နိကာယ်အားဖြင့် ခွဲ၍ မှတ်တမ်းတင်ခြင်း ဖြစ်ပေသည်။ ထိုအခါ ရှင်ပုရာဏထေရ်က "ငါ့ရှင်တို့ သံဃာယနာတင်ပွဲကို ကောင်းစွာ ပြုအပ်ပြီ၊ သို့ရာတွင် ငါမူကား ဗုဒ္ဓမျက်မှောက်တော်မှ ကြားနာ မှတ်သားသည့် အတိုင်း ဆက်လက် ဆောင်ရွက် ပါအံ့" ဟု မိန့်ကြားခဲ့လေသည်။

ထို့ကြောင့် ပထမသံဃာယနာတင်ပွဲ ပြုလုပ်စဉ်ကပင် ဗုဒ္ဓဟောကြားသည် ဆိုရာ၌ သဘောထားကွဲလွဲမှုကို စတင် တွေ့ရပေသည်။

## (၂-၂) ဒုတိယ သံဃာယနာ (ဘီစီ ၄ ရာစု)

အချို့သောသံဃာများ၏ စည်းကမ်းနည်းလမ်းများအပေါ် အမျိုးမျိုးသော လျော့ရဲမှုများနှင့် စပ်လျဉ်း၍ အချင်းချင်း အငြင်းပွားမှုများ ရေရှိန်မြင့်လာသောကြောင့် ပါဋလိပုတ်ပြည် ကာလာသောက မင်းကြီး၏ အာဏာစက်ဖြင့် ထောက်ပံ့၍၊ ရှင်သဗ္ဗကာမီထေရ်ဦးဆောင်၍ ဒုတိယ သံဃာယနာကို ကျင်းပခဲ့ပေသည်။ ပထမ သံဃာယနာတွင် မှတ်တမ်းတင်ခဲ့သော ဗုဒ္ဓ၏ ဩဝါဒများနှင့် ယခု ဝိနည်း လျော့ရဲမှုများသည် မကိုက်ညီ ကြောင်းကို ပြသရန်သာ ဒုတိယသံဃာယနာအား ကျင်းပခဲ့ခြင်း ဖြစ်ပေသည်။

ထိုသံဃာယနာတင်ပွဲတွင် သဘောထားကွဲလွဲသော ဝဇ္ဇီပုတ္တက ရဟန်းတို့က ရဟန်းတစ်သောင်းကို စုစည်း၍ ကောသမ္ဗီပြည်တွင် စင်ပြိုင် ပထမသံဃာယနာကို တင်ခဲ့ကြပေသည်။ ထိုစင်ပြိုင်သံဃာယနာ နှစ်ခုမှ နိကာယ်၊ ဝိနယ၊ အဘိဓမ္မာ၊ ပါဠိတော်များ ကွဲလွဲစွာ မှတ်တမ်းတင်ထားသည်ကို တွေ့ရပေသည်။

## (၃) အာသောကမင်း၏ သာသာနာပြန့်ချီခြင်း (ဘီစီ ၂၆၁)



**ဘရာမီ မှ အာသောကရာဇာ၏ အမိန့်ပြန်တမ်း အမှတ် ၆ သံကျောက်တိုင်မှ အပိုင်းအစ (ဘီစီ ၂၃၆)၊ ဗြိတိသျှ ပြတိုက်**



**အိန္ဒိယနိုင်ငံ ဆန်ချီ အရပ်မှ ဌာပနာတိုက်ကြီး (ဘီစီ ၃ ရာစု)**

မောရိယ ပြည့်ရှင် အာသောကမင်းကြီး (ဘီစီ ၂၇၃-၂၃၂) သည် အိန္ဒိပြည် အရှေ့ပိုင်း ယခုခေတ် အော်ရစ်သျှ ဟုတွင်သည့် ကလိင်္ဂနယ် ကလိင်္ဂသွေးချောင်းစီး စစ်ပွဲအား အောင်နိုင်ပြီးနောက် ဗုဒ္ဓဘာသာသို့ ကူးပြောင်းခဲ့ပေသည်။ စက်ဆုတ်ရွံရှာဖွယ် ပဋိပက္ခများကို နောင်တရလျှက် မင်းကြီးသည် ပြသနာ အရေးအခင်းများကို စွန့်လွှတ်ရန် ဆုံးဖြတ်ခဲ့ပြီးနောက် ဌာပနာတိုက်များတည်ဆောက်ခြင်း သတ္တဝါအားလုံး၏ အသက်ဇီဝအား လေးစားကြရန် မှတ်တိုင်များစိုက်ထူခြင်း လူသားတို့အား ဓမ္မတရားအား လိုက်နာစေရန် တိုက်တွန်း နှိုးဆော်ခြင်းများအားဖြင့် သာသနာပြုခဲ့သည်။ သူသည် နိုင်ငံအဝှမ်း လမ်းများဖေါက်လုပ်ခြင်း ဆေးရုံများ၊ ရိပ်သာများ၊ တက္ကသိုလ်ကျောင်းများ၊ တူးမြောင်းများ တည်ဆောက်ခြင်းများလည်း လုပ်ဆောင်ခဲ့ပေသည်။ သူသည် လူမျိုး ဘာသာ ဂိုဏ်း ဇာတ်စနစ်များ မခွဲခြားဘဲ တန်းတူ ဆက်ဆံခဲ့ပေသည်။ ဤကာလသည် ဗုဒ္ဓဝါဒမှာ အိန္ဒိယမှ ကျော်လွန်လျှက် အခြားတိုင်းပြည်များသို့ ဦးစွာ ပထမပြန့်နှံ့သွားသော ကာလပင်ဖြစ်၍ အာသောကမင်းကြီး

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ချန်ထားခဲ့သော ကျောက်ပြား ကျောက်စာများအရ တောင်ဘက် သီရိလင်္ကာ၊ အနောက်ဘက် ဂရိဘုရင်နိုင်ငံများအထိပင် ဗုဒ္ဓသာသနာပြုရန် သာသနာပြု အဖွဲ့များ စေလွှတ်ခဲ့ကြောင်းတွေ့ရ၍ မြေထဲပင်လယ်ရပ်ဝှမ်းထိပင် ပေါက်ရောက်ခဲ့ဟန်ရှိပေသည်။

## (၃–၁) တတိယ သံဃာယနာ (ဘီစီ ၂၅၀)

အာသောကမင်းသည် ယနေ့ခေတ် ပတ္တနာ မည်သော ပါဋလိပုတ်အရပ်၌ ဘီစီ ၂၅၀ ပတ်ဝန်းကျင်တွင် တတိယသံဃာယနာကို တင်စေခဲ့သည်။ ၎င်းကို အရှင် မောဂ္ဂလိပုတ္တတိဿ ကြီးမှူး၍ ကျင်းပခဲ့ပေသည်။ ရည်ရွယ်ချက်မှာ သံဃာများ အထူးသဖြင့် နန်းတွင်းနှင့် ဆက်နွယ်နေသည့် ရဟန်းများ သန့်စင်စေရန်ပင် ဖြစ်သည်။

ထိုသံဃာယနာတွင် ရှင်မောဂ္ဂလိပုတ္တတိဿက ယခင် သံဃာယနာများတွင် မပါဝင်သော ကထာဝတ္ထုကျမ်းကို ရွတ်ဖတ်၍ ပိဋကတော်၌ အစီအစဉ်ထည့်သွင်းသည်ကို သဘောထားကွဲသော ရဟန်းများက ရာဇဂြိုလ်အနီး နာလန်ဒါမြို့၌ စင်ပြိုင်သံဃာယနာကို တင်ခဲ့ပြန်သည်။

သို့သော် အာဏာရှိသော သူတို့၏ ထောက်ခံသော အယူသည် အနိုင်ရမြဲ ဖြစ်သည့် ဓမ္မတာအတိုင်း အာသောက မင်းထောက်ခံသော အယူဝါဒကို ဗုဒ္ဓသာသာသနာပြုများဖြင့် ထိုစဉ်က သူတို့သိထားသော ကမ္ဘာ့အရပ် ဒေသများသို့ စေလွှတ် သာသနာပြုခဲ့ပေသည်။

## (၃–၂) ဂရိခေါမသို့

အချို့သော အာသောက၏ အမိန့်ပြန်တမ်း ကမ္ပည်းကျောက်စာများက အာသောကမင်းသည် ဂရိ (ခေါမ) ကမ္ဘာသို့လည်း ဗုဒ္ဓသာသနာဖြန့်ချိရန် အားစိုက်ခဲ့ကြောင်း ဖေါ်ပြပေသည်။ ထိုအချိန်က အိန္ဒိယမှ ဂရိအထိ နယ်နမိတ်ပိုင်းခြား အဆက်ပြတ်မှု မရှိခဲ့ချ။ အမိန့်ပြန်တမ်းများသည် ဂရိ (ခေါမ) ပိုင်နယ်များသို့ သိသာထင်ရှားသည့် နိုင်ငံရေး စည်းရုံးခြင်းမျိုး ဖြစ်ကြောင်း ဖေါ်ပြနေပေသည်။ ဂရိကေရာဇ် လွှမ်းမိုးချိန်ကာလ ဗုဒ္ဓသာသနာပြုခြင်းကို လက်ခံရသည့် ဘုရင်များ၏ အမည်များမှာ Antiochus II Theos of the Seleucid Kingdom စီလီယူစစ်ဒ် ဘုရင်နိုင်ငံမှ အင်တီယိုချပ် ၂ သီးအို့စ် (ဘီစီ ၂၈၄–၂၄၇)။ Ptolemy II Philadelphos of Egypt အီဂျစ်မှ ပတိုလီမီ ဖီလာဒဲဖ်လို။ Antigonus Gonatas of Macedonia မက်ဆီဒိုနီးယားမှ အင်တီဂိုးနာ့စ် ဂိုတာနာ (ဘီစီ ၂၇၆–၂၃၉)။ Magas of Cyrene စီရီးန် (ယခု လက်ဗျား) မှ မဂ္ဂါ့စ် (ဘီစီ ၂၈၈–၂၅၈)။ Alexander II of Epirus အီးပ်ရပ်စ် (ယခု ဂရိးစ် အနောက်မြောက်ပိုင်း) မှ အလက်ဇန်းဒြား ၂ (ဘီစီ ၂၇၂–၂၅၅) တို့ပင် ဖြစ်ပေသည်။



အာသောကလက်ထက် ဗုဒ္ဓသာသနာပြုခြင်း (ဘီစီ ၂၆၀– ၂၁၈) အာသာက အမိန့်ပြန်တမ်းအရ–

> "ဤဒေသ၊ နယ်စပ်များ၊ ထိုမှ ယူဇနာ ၆၀၀ (၅၄၀၀– ၉၆၀၀ ကီလိုမီတာ) ကွာဝေးသည့် ဂရိဘုရင် အင်တီယိုကျို အုပ်ချုပ်သည်ထိ၊ ထိုထက်ကျော်၍ ဘုရင်လေးပါးဖြစ်သည့် ပတိုလီမီ၏ အင်တီဂိုနော့စ်၊ မဂ္ဂစ် နှင့် အလက်ဇန်းဒြား အုပ်ချုပ်သည့်ဒေသများ၊ အလားတူ တောင်ပိုင်း ကျိုချ် (ကျိုလီယာ) ပန်ဒေးစ်၊ နှင့် တမ်ရာပါနီ (သီရိလင်္ကာ) ထိတိုင် ဓမ္မ၏ အောင်နိုင်မှု၌ ရှိ၏။" (အာသောက ပြန်တမ်း အမှတ် ၁၃၊ တောင် ဒမီကာ)။ ဟူ၍လည်းကောင်း

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ထို့ထက်ပို၍ ပါဠိကောက်ကြောင်းများအရ အာသောကဈ အချို့သော အထောက်တော်များသည် ဂရိ ဗုဒ္ဓ ရဟန်းတော်များပင် ဖြစ်ခဲ့၍ ယဉ်ကျေးမှု နှစ်ခုကြား၌ ဘာသာရေး ကူးလူးမှု နီးကပ်ခဲ့ကြောင်း တွေ့ရသည်မှာ–

“ထေရ် (အကြီးအကဲ) မောဂ္ဂလိပုတ္တနှင့် သာသနာ၏ ရောင်ခြည် ကေရာဇ်မင်း (အာသောက) တို့ သံဃာယနာကို ဆောင်ကြဉ်းပြီးသောအခါ၊ ထေရ်လေးပါးအား ဟိုတစ်ပါး ဒီတစ်ပါးနှင့် **တပါရန်တက** (ဂူဂျရတ်နှင့် ဆင်းဂျ် များကို ရည်သန်သော အနောက်ပြည်များသို့) စေလွှတ်လျှက်၊ သူသည် ဂရိ (ယွန်း) သို့ စေလွှတ်သူများကို ဓမ္မရက္ခိတဟု ကင်းပွန်းပေးခဲ့၏။ (မဟာဝံသ ၁၂)။ ဟူ၍ ဖြစ်၏။



**အာသောကမင်း၏ ဂရိ အာရာမစ် နှစ်ဘာသာ ကမ္ပည်းကျောက်စာ (ကန်ဒဟာ၊ ကဘူးလ် ပြတိုက်)**

အာသောက၏ အချို့သော အထောက်တော်များသည် ဂရိလူမျိုးများ ဖြစ်သည်ဟူသည့် အချက်ကို သဘောထား ကိုက်ညီသည့် ဒေါက်တာ ရာနန်ဂျစ်ပေါလ်၏ စူးစမ်းမှုဖြစ်သော “အာသောကသည် အင်ဒို–ဂရိဘုရင် ဒီယို ဒိုး တပ် နှင့် အတူတူပင်။ သူသည် ဓမ္မသတ်များကို ဂရိဘာသာစကား၊ အာရာမစ် ဘာသာ စကားများဖြင့် ရေးထိုးခဲ့၏၊ ၎င်းတို့အနက် တစ်ခုမှာ ကန်ဒဟာ ကျောက်စာတွင် ဖေါ်ပြသည့် ဘာသာရေး ကိုင်းရှိုင်းမှု ဟူသည့် ဂရိ ဝေါဟာရ “ယူစီဘီးယား” အသုံးဖြစ်၍ “ဓမ္မ” အတွက် သုံးခြင်းပင်” ဖြစ်၏။ ၎င်းမှာ–

“၁၀ နှစ် ပြည့်မြောက်ပြီးနောက်၊ ဘုရင် ပီအိုဒါဆိစ် (အာသောက)သည် လူသားများ အတွက် ဘာသာရေး ကိုင်းရှိုင်းမှု (ဂရိ–ယူစီးဘီးယား) ကို အများသိရန် ပြု၏။ ဤကာလမှစ၍ သူသည် လူသား တို့အား ပိုမို၍ ဘာသာတရား၌ ကြည်ညိုစေ၏၊ လောကအလုံး၌ အရာရာတို့အား ပေါများကြွယ်ဝ စေ၏။” (ဂျီပီ ကာရာတယ်လီ၏ ဂရိ မူရင်းမှ ပြန်ဆို)၊ ဟု ဖြစ်၏။

မည်မျှ အပြန်အလှန် သြဇာသက်ရောက်သည်မှာ ရှင်းလင်းပြတ်သားမှု မရှိပေ။ သို့သော် အချို့သော စာရေး ဆရာများ၏ ထင်မြင်ချက်မှာ ဂရိဝါဒီများနှင့် ဗုဒ္ဓဝါဒီများ အကြားရှိ ဆင်ခရစ်ဝါဒ ရေချိန်တစ်ချို့သည် ထိုအချိန်မှ ပင် ဂရီနယ်မြေများ၌ စတင်ခဲ့သည် ဟူ၏။ သူတို့၏ ထောက်ပြချက်မှာ ထိုကာလကပင် ဂရိနယ်မြေများ၌ ဗုဒ္ဓဘာသာ အသိုင်းအဝိုင်းများ ရှိနေခဲ့ခြင်း ဖြစ်၍၊ အထူးသဖြင့် အလက်ဇန်းဒြား (စိန့်ကလီမင့် အလက်ဇန်းဒြား) နှင့် ခရစ်ယာန် ခေတ်ကြို ကာလက ဗုဒ္ဓရဟန်းများ၏ သြဝါဒ၊ ကျင့်ကြံမှုများနှင့် လုံးဝနီးပါးတူသော၊ အာသောက မင်း၏ အနောက်ဘက်သို့ အထောက်တော်များမှ ဆင်းသက် လာဘွယ်ရှိသော ထေရယူထ (ပါဠိ–ထေရဝါဒမှ ပြောင်းလည်းဟန်ရှိ) များပင် ဖြစ်၏။ စီးရ်နီမြို့ (ယခု လက်ဗျား) မှ အတွေးအခေါ် ပညာရှင် ဟီဂ်စီစ် ကိုပင် အာသောက စေလွှတ်သော သာသာနာပြု အဖွဲ့၏ သြဇာလွှမ်းခံရသူဟု ထင်မှတ်ရပေ၏။

အလက်ဇန်ဒြား၌ ပတိုလီမစ် ခေတ်ကာလမှ ဗုဒ္ဓဘာသာဝင်များ၏ ဓမ္မစကြာပုံ အမှတ်များဖြင့် သင်္ချိုင်းဂူများကို လည်း တွေ့ရှိရပေ၏။ အလက်ဇန်းဒြားတွင် ဗုဒ္ဓဘာသာဝင်များ တည်ရှိခဲ့မှုနှင့် ပတ်သက်လျှက် အချို့ သုတေသီ များ၏ ထောက်ပြချက်များမှာ ဤနေရာများ၌ ခရစ်ယာန် စင်တာများအား တည်ထောင်မှုများမှာ နောက်ပိုင်း တွင်မှ ဖြစ်ခဲ့ပေသည် ဟူ၏။ (ရောဘတ် လင်စ်ဆင်)။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

အေဒီ ၂ ရာစု အလက်ဇန်းဒြား ခရစ်ယာန် တရားသေဝါဒီများက ခေါင်းနှစ်လုံး ဗုဒ္ဓဘာသာ (သာမနေ) နှင့် အိန္ဒိယ အဝတ်အစားမဲ့ ရဟန်းများ (ဂရိအခေါ် ဂျင်နိုဆိုဖစ်များ) ၏ ဂရိအတွေးခေါ်များပေါ် ဩဇာသက်ရောက်မှုများကို အသိအမှတ်ပြုခဲ့သည်မှာ–

> "ဤသို့ အရာတစ်ခု၏ အမြင့်ဆုံးသော ဂုဏ်ရည်ဖြစ်သော အတွေးအခေါ်များသည် ရှေးမဖွံ့ဖြိုးသေးသော လူမျိုးတို့အား အားသစ်သွန်းပေး၍ တိုင်းဒေသများအပေါ်သို့ ၎င်း၏ အလင်းရောင်အား သွန်းချပေး၏။ ထိုမှ ၎င်းသည် ဂရိသို့ ရောက်ရှိလာ၏၊ ပထမဦးစွာ ၎င်း၏ အဆွယ်မှာ အီဂျစ်လူမျိုးများ၏ တမန်တော်များ အစ်ဆီရီးယန်းတို့၏ ကာလ်ဒီးန်း (ဘာသာရေး ခေါင်းဆောင်) များ၊ **ဂူးလ်** တို့၏ ဆဲလ်တစ်ဘုန်းကြီးများ၊ **ဘရက်တန်** တို့၏ စာမန (သာမနေ)များ၊ ဆဲ့လ်တို့၏ ဒသန ပညာရှင်များ၊ ရှင်သန်မွေးထခြင်း အကြောင်းကို ဟောပြော၍ ကြယ်တာရာတို့၏ လမ်းညွှန်ဖြင့် ဂျူဒ (ယုဒ)နယ်များသို့ ရောက်လာသော ပါရှန်တို့၏ မဂ္ဂီများ ပင်ဖြစ်၍၊ အိန္ဒိယ အဝတ်အစားမဲ့ ရဟန်းများနှင့် ရှေးတောနေ လူရိုင်းများ၏ ဒသန ပညာရှင်များသည်လည်း ထိုအနက်တွင် ပါဝင်၏၊ သူတို့အား နှစ်မျိုးနှစ်စား ခွဲခြားလျှက် အချို့ကို စာမန (သာမနေ) များဟု လည်းကောင်း အချို့ကို ဗြမ္မာများဟုလည်းကောင်း ခေါ်တွင်၏။" ဟု ဖြစ်၏။ (ကလီးမင့်တ် အော့ဖ် အလက်ဇန်းဒြား၊ **စထွန်းမက်တ** သို့မဟုတ် သောင်ပြောင်းထွေ လာ စာအုပ်အမှတ် ၁ အခန်း ၁၅)

ဒွန်နယ် အေ မက်ကင်းဇီး ၏ စိန့် အိုရီဂင် စာအုပ်အရ ခရစ်နှစ် (၂) ရာစု ဗြိတန် ခရစ်ယာန်ခေတ်ကြို ကာလတွင် ဗုဒ္ဓဘာသာသည် ဆဲလ်တစ် ဘုန်းကြီးများနှင့် အတူ တည်ရှိနေသည် ဟု ဆို၏။ ထိုစာအုပ်တွင်–

"ဘုရားဖြစ်ခွင့်ရခြင်း (ဘုရားဦးခေါင်းအဖြစ် ခါတ်တော်ကူခြင်း) အယူအဆကို သွန်သင်စွဲမြဲစေသည့် ဗုဒ္ဓ ဘာသာနှင့် ဆဲလ်တစ်ဘုန်းကြီးများ၏ အဆုံးအမများကြောင့် ကျွန်း (ဗြိတိန်)သည် ခရစ်ယာန်ဖြစ်ရန် အလားအလာမှာ ရှေးကပင် အားကောင်းနေခဲ့ပေသည်။" (အိုရီဂင်– အီဇီကိုင်း ဖွင့်ဆိုချက်)

## (၃–၃) သီရိလင်္ကာနှင့် မြန်မာသို့ ပြန့်နှံ့ခြင်း

သီရိလင်္ကာသည် အာသောကာ၏ သား မဟိန္ဒနှင့် အပေါ် ၆ ဦးကြောင့် ဘီစီ ၂ ရာစုအတွင်းတွင် ဘာသာပြောင်းခဲ့ရသည်။ သူတို့သည် ဘုရင်ကြီး ဒေဝနံပိယ တစ္စနှင့် မှူးမတ်များစွာကို သာသနာပြောင်းစေခဲ့သည်။ ဤအချိန်ကာလသည် ရှေးရိုးစွဲ ဆင်ဟာလိတို့၏ ဗဟိုဖြစ်သည့် မဟာဝိဟာရ ဘုန်းကြီးကျောင်းကို တည်ဆောက်သော ကာလဖြစ်ပေသည်။ ပါဠိ ပိဋကတော်အား မင်းကြီး ဝိဋ္ဋဂါမနီ လက်ထက် ဘီစီ ၂၉– ၁၇ ခုနှစ်များတွင် သီရိလင်္ကာ၌ မှတ်တမ်းတင် ရေးမှတ်ခဲ့ခြင်း ဖြစ်၍ ထို၌ ထေရဝါဒ ရိုးရာ အားကောင်းခဲ့ပေသည်။ နောက်ပိုင်းတွင် **ဗုဒ္ဓဃောသ** (အေဒီ ၄– ၅ ရာစု) ကဲ့သို့ အချို့သော အဌကထာ ပညာရှင်များ ထွန်းကားခဲ့၍ သူတို့သည် ရိုးရာပြွန်းသော အဌကထာများကို စနစ်တကျ ပြုစုခဲ့ပေသည်။ ထိုကာလတွင် မဟာယန ဝါဒမှာ သီရိလင်္ကာ၌ အထိုက်အလျောက် ဩဇာလွှမ်းမိုးသော်လည်း ထေရဝါဒမှ အပြီးတိုင် ချုပ်ကိုင်နိုင်ပြီး သီရိလင်္ကာသည် ထေရဝါဒ အမာခံနယ်မြေ ဖြစ်လာခဲ့ကာ ထိုမှတဆင့် ၁၁ ရာစုမှ စတင်၍ အရှေ့တောင်အာရှသို့ ပြန့်နှံ့ခဲ့ပေသည်။

အိန္ဒိယ တိုက်ငယ်၏ အရှေ့ဘက်နယ် (ယခုခေတ် မြန်မာနှင့် ထိုင်း) ဒေသများတွင် အိန္ဒိယဉ်ကျေးမှုမှာ မွန်လူမျိုးအပေါ်သို့ အကြီးအကျယ် လွှမ်းမိုးခဲ့ပေသည်။ မဟာယန၊ ဟိနယန ဂိုဏ်းများ မကွဲမီ ဘီစီ ၃ ရာစုမှ စတင်၍ အိန္ဒိယ ကေရာဇ် အာသောကရာဇာ၏ သာသနာပြုခြင်းကို မွန်တို့သည် ခံရသည်ဟု ဆိုပေသည်။ မြန်မာနိုင်ငံ အလယ်ပိုင်းရှိ ပိသနိုးကဲ့သို့ ရှေ့ကျသော မွန်ဗုဒ္ဓကျောင်းဆောင်များသည် အေဒီ ၁ ရာစုနှင့် ၅ ရာစု ကြား ကာလ ကပင် ရှိနေပေသည်။

(ပိသနိုးသည် မွန်တို့လွှမ်းမိုးရာ ဒေသ ဖြစ်ခဲ့သည် ဆိုခြင်းမှာ ကျွန်ုပ်သဘောဖြင့် သမိုင်းရေးခြင်း မဟုတ်ပါ၊ ကျွန်ုပ် အနေဖြင့် ဤ သမိုင်းကို ဝက်ဘ်ဆိုဒ်ပေါ်မှ History of Buddhism ဆိုသည်ကို ဘာသာပြန်ခြင်းသာ ဖြစ်ပါသည်။)

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com



**ဒွာရာဝတီမှ မွန် ဓမ္မစကြာပုံ (အေဒီ ၈ ရာစု)**

အထူးသဖြင့် အိန္ဒိယ၏ **ဂုပ်တ** ယာဉ်ကျေးမှုနှင့် **ဂုပ်တ** မတိုင်မီ ကာလ ယဉ်ကျေးမှုများ လွှမ်းမိုးသော မွန်တို့၏ ဗုဒ္ဓယဉ်ကျေးမှုများသည် အေဒီ ၅ ရာစုနှင့် ၈ ရာစုအကြား ထွန်းကားခဲ့သော မွန်ဘုရင့်နိုင်ငံများ၏ အောက်တွင် အရှေ့တောင်အာရှ တလျှောက်ပြန့်နှံ့ခဲ့ပေသည်။ အေဒီ ၆ ရာစုပတ်ဝန်းကျင်မှ စ၍ မဟာယန ဗုဒ္ဓဘာသာ တရွေ့ရွေ့ပွားများနေသော အရှေ့တောင်အာရှ၏ မြောက်ဘက်ပိုင်းတွင် မွန်တို့၏ ဩဇာအောက်၌ ထေရဝါဒ ထွန်းကားလာခဲ့ပေသည်။

အာသောက ယတန (အေဒီ ၂ ရာစု) အရ အာသောကမင်းသည် မြောက်ဘက် ဟိမဝန္တာကို ဖြတ်လျှက် တာရင်း မြစ်ဝှမ်းဒေသ ခိုရန်ဒေသ၊ အင်ဒို ဥရောပ စကားပြောသော တိုခါရီယန်တိုင်းဒေသများသို့ သာသနာပြုများ စေလွှတ် ခဲ့ပေသည်။

## (၄) ဆွန်ဃ အင်ပါယာ (ဘီစီ ၂ –၁ ရာစု)

အာသောကမင်းကွယ်လွန်ပြီး နှစ်ပေါင်း (၅၀) ခန့်အကြာ ဘီစီ ၁၈၅–၁၇၃ တွင် ဆွန်ဃမင်းဆက်ကို ထူထောင်ခဲ့သည်။ မောရိယမင်းဆက်၏ နောက်ဆုံးဖြစ်သော ဘုရင် **ဘဟာဒြာတ** လုပ်ကြံခံရပြီး စစ်သူကြီးချုပ် **ပုစယျမေတ္တ** ဆွန်ဃသည် ထီးနန်းကို ရယူခဲ့ပေသည်။ အာသောက ယတန ကဲ့သို့သော ဗုဒ္ဓဘာသာရေး စာပေများက (ပြမ္မာ ရှေးရိုးဝါဒီ) ပုစယျမေတ္တသည် ဗုဒ္ဓဘာသာဝင်တို့အား လိုလားခြင်း မရှိဘဲ ဗုဒ္ဓသာသနာအား နှိပ်စက်ကလူပြုသည်ဟု ရေးသားမှုများ ရှိပေသည်။ ဗုဒ္ဓဘာသာများက သူသည် ဘုန်းကြီးကျောင်းများကို ဖျက်ဆီးလျှက် ရဟန်းသာမနေများကို သတ်ဖြတ်ခဲ့သည်ဟု ရေးသားခဲ့ပေသည်။ အာသောကမင်း တည်ဆောက်ခဲ့သော ဗုဒ္ဓ ဌာပနာတိုက် (စေတီ) ၈၄၀၀၀ အား ဖျက်ဆီးခဲ့၍ (အရ် ထက်ပါး)၊ ဗုဒ္ဓရဟန်းတစ်ပါးစီ၏ ခေါင်းတစ်လုံး အတွက် ရွှေဒင်္ဂါး ၁၀၀ ဆုငွေထုတ်ခဲ့သည် ဟူ၏။ ထပ်ပေါင်း၍ ဗုဒ္ဓမှတ်တမ်းများအရ နာလန်ဒါ ဗုဒ္ဓဂါယာ၊ ဆာနတ်၊ မထုရာ ကဲ့သို့သော မြောက်များစွာသော ဘုန်ကြီးကျောင်းမြေ (ဝိဟာရ) များသည် ဟိန္ဒူဘုရားကျောင်းများ အဖြစ် အသွင်ပြောင်းခဲ့ရလေသည် ဟူ၏။

အချို့ကလည်း ဗုဒ္ဓဝါဒအား ကျောထောက်နောက်ခံပြုခဲ့သည့် အာသောကမင်း၏ နောက်ပိုင်း၊ ဆွန်ဃလက်အောက်တွင် ဗုဒ္ဓဘာသာ၏ အခြေအနေမှာ ကျဆုံးလျှက် အကျပ်တည်းဆုံး အချိန်ဖြစ်သည်မှာ ဖြစ်နိုင်ချေရှိပေ၏။ သို့သော် နှိပ်ကွပ်မှုများကိုကား မှတ်ချက် ချန်ထားသည်ကို မတွေ့ရဟု ဆို၏။ **အီတိန်း လမ်မွတ်**၏ ဗလ္လာ သုံးသပ်ချက်၌ "အထောက်အထားများအရ စီရင်ချက်ချလျှင် သက်သေအထောက်အထား အဆက်ပြတ်မှုကြောင့် **ပုစယျမေတ္တ**သည် အပြစ်မှ လွတ်ကင်းရမည်ပင်" ဟုဖြစ်၏။ အခြားသော ဩဇာတက္ကိမ ကြီးသော သမိုင်း ပညာရှင် **ရိုမီလာသတ်ပါ**က တူးဖော်ရရှိမှု အထောက်အထားများကို ထောက်ပြလျှက် ဤသို့အကွဲအလွဲ (**ပုစယျမေတ္တ**အား အယူသီး ဗုဒ္ဓဘာသာ ဆန့်ကျင်ရေးသမားဟု ပြောဆိုမှု) ကို ထင်မြင်ချက် ပေးရာ၌ ဗုဒ္ဓ

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ဘာသာ လက်ရာများ ဖြစ်သည့် စေတီပေါင်း ၈၄၀၀၀ အား မည့်သည့်အခါကမှ လက်တွေ့အားဖြင့် ဖျက်ဆီးခဲ့ခြင်း မရှိဟု ဖြစ်၍။ **သတ်ပါ**က စိတ်မသက်မသာဖြင့် ဗုဒ္ဓဘာသာတို့၏ ပြောဆိုမှုသည် **ပုစယျမေတ္တ**၏ မောရိယအား တိုက်ခိုက်ခဲ့မှု နှင့် ဆွန်ဃမင်း ဆက်အနေဖြင့် ဗုဒ္ဓဘာသာအား အရေးကြီးသော အခန်းကဏ္ဍမှ မထားခဲ့ခြင်းအပေါ် စိတ်ပျက်လျှက် ပုံဆောင် တင်ပြမှု လေးနက်စေရန် အသားပေး ချဲ့ကားခဲ့ဟန် ရှိသည်ဟု ဆိုပေသည်။ ဤကာလာများ အတွင်း ဗုဒ္ဓရဟန်းတော်များသည် ဂင်္ဂါမြစ်ဝှမ်းဒေအား စွန့်ခွာခဲ့ကြသည်။ နောက်ပိုင်းတွင် မြောက်ပိုင်းသို့ ဦးတည်သည့် (ဥတ္တာရပါသ) သို့မဟုတ် တောင်ဘက်ပိုင်း (ဒက်ဆင်နပါသ) ဒေသများမှပါ စွန့်ခွာခဲ့ ကြလျှက် ရှေးဟောင်း မာဂဓ နယ်နိမိတ်တွင် ဗုဒ္ဓလက်ရာများ ဖန်းတီးမှုများမှာ မှေးမှိန်ရပ်စဲလာကာ အနောက်မြောက် ပိုင်းဒေသ ဂန္ဓရ နှင့် မထုရာဒေသများ၊ အရှေ့တောင်ပိုင်း အမရဝတီ နယ်ပယ်များတွင် ပြန်လည် နေရာယူ လာခဲ့ပေသည်။ ဆွန်ဃမင်းဆက် အာဏာသက်ရောက်ခြင်း ရှိမရှိ မသေချာသော အိန္ဒိပြည် အလယ်ပိုင်း ဘရ်ဟုတ် ကဲ့သို့ အချို့ ဒေသများတွင်လည်း အချို့သော ဗုဒ္ဓလက်ရာများကို တွေ့ရပေသည်။

## (၅) ဂရိ–ဗုဒ္ဓ အပြန်အလှန်သက်ရောက်ခြင်း (ဘီစီ ၂ ရာစုမှ အေဒီ ၁ ရာစု)



ဂရိ ငွေဒင်္ဂါး မင်းနန္ဒာ (၁) ဘီစီ ၁၆၀–၁၃၅

ဘီစီ ၃၂၆ ခု ပတ်ဝန်းကျင်တွင် **အလက်ဇန်းဒြား သည် ဂရိတ်** သည် ယနေ့ခေတ် အာဖဂန်နစ္စတန် နိုင်ငံဖြစ်သည့် ဘရက်တီးယားကို အောင်နိုင်သိမ်းပိုက်ပြီးချိန်မှ စ၍ ဂရိဘုရင်ပိုင်နိုင်ငံမှာ  အိန္ဒိယအနောက်ဘက်ပိုင်းနှင့် အိမ်နီးချင်း ဖြစ်လာခဲ့သည်။ ပထမပိုင်း ဘီစီ ၃၂၃ ခန့်တွင် **ဆီလူးစစ်** နိုင်ငံမှသည် နောက်ပိုင်း ဘီစီ ၂၅၀ ခန့်မှစ၍ **ဂရိ–ဘရက်တန်** ဘုရင့်နိုင်ငံဖြစ်လာခဲ့ပေသည်။



**အေဒီ ၁–၂ ရာစု ဂန္ဓရဒေသရှိ ရှေးဦး ပထမ ဗုဒ္ဓရုပ်ပွားများမှ တစ်ခုဖြစ်သည့် ဂရိ–ဗုဒ္ဓ ဆင်းတု**

**ဂရိ–ဘရက်တန်** ဘုရင် **ဒမက်ထရိယာစ် (၁)** သည် ဘီစီ ၁၈၀ တွင် အိန္ဒိယပြည် ပါတလိပုတ္တထိ ဝင်ရောက်သိမ်းပိုက်၍ အင်ဒို–ဂရိ ဘုရင်ပိုင်နိုင်ငံကို ထူထောင်ခဲ့ပေသည်။ ဘီစီ ၁ ရာစု အကုန်ပိုင်းတွင် ၎င်းအင်ပါယာ၌ အိန္ဒိယ မြောက်ပိုင်းမှ ဒေသများစွာ ပါဝင်ခဲ့ပေသည်။ အင်ဒို–ဂရိ ဘုရင်များ လက်အောက်တွင် ဗုဒ္ဓ ဘာသာသည် အားပေးချီးမြှောက်ခံရ၍ သူတို့၏ အန္ဒိယပြည်အား ဝင်ရောက်သိမ်းပိုက်မှုသည် မောရိယ အင်ပါယာအား ထောက်ခံအားပေးရန် ဖြစ်ကြောင်းပြသလျှက် ဆွန်ဃ မင်းဆက်လက်အောက်၌ (ဘီစီ ၁၈၅–၇၃) နှိပ်စက်ခံရပါသည်ဟု ဆိုသော ဗုဒ္ဓသာသနာအား ကာကွယ်စောင့်ရှောက်ကြောင်းလည်း ပြသလိုခဲ့ပေသည်။။

အင်ဒို–ဂရိ မင်းများအနက် အထင်ရှားဆုံးသော မင်းတစ်ပါးမှာ မင်းနန္ဒာ (နန်းစံနှစ် ဘီစီ ၁၆၀–၁၃၅) ဖြစ်၍ ဗုဒ္ဓဘာသာသို့ကူးပြောင်းကာ မဟာယန ဗုဒ္ဓဘာသာအား အားပေးချီးမြှောက် ပြုခဲ့သည်။ သူသည် အာသောကရာဇာ သို့မဟုတ် နောက်ပိုင်း ကုရှန်မင်း ကနက်သျှ ကဲ့သို့ပင် ဖြစ်၏။ မင်းနန္ဒ ဦးခေါင်းဖြင့် ငွေဒင်္ဂါးတွင် တစ်ခါတစ်ရံ ဒလက် ရှစ်ခုပါသော စကြာပုံနှင့် တွေ့ရပေသည်။ ယဉ်ကျေးမှု တိုက်ရိုက်အပြန်အလှန် ဖလှယ်မှုများတွင် မင်းနန္ဒနှင့် အရှင် နာဂသေန (နာဂသိန်) တို့၏ အပြန်လှန် ပြောဆိုသော မိလိန္ဒပဉှာ (ဘီစီ ၁၆၀ ခန့်က) သည် ထင်ရှား၏။ မင်းနန္ဒာ၏ အရိုက်အရာကို ဆက်ခံသည့် မင်း များစွာအား ဓမ္မ၏ နောက်လိုက် ဒကာများဟု သူတို့၏ ဒင်္ဂါးများတွင် ဖော်ပြခဲ့ ပေသည်။ ။



မင်းနန္ဒာနှင့် ဒလက် ရှစ်ခုပါ ဓမ္မစကြာပုံ ဒင်္ဂါးပုံ (ဗြိတိသျှ ပြတိုက်

အချို့သော သြဇာသက်ရောက်မှုများသည် မဟာယန ဗုဒ္ဓ၏ ဆင့်ကဲဖြစ်စဉ်ပေါ်၌ လွှမ်းမိုးသွား၍ ဂရိနတ်ဘုရားများ ကဲ့သို့ ဗုဒ္ဓအား **လူ–ဘုရား** ကဲ့သို့တွေးခေါ်မျှော်မြင် ဆည်းကပ်မှုများ ရှိပေသည်။ ထိုကာလများတွင် မကြာခဏ **ဂရိ– ဗုဒ္ဓမှု** ပြုလျှက် ဗုဒ္ဓအား နတ်ဘုရားကဲ့သို့ ကိုးကွယ် ယုံကြည်မှုများကိုလည်း တွေ့ရှိရပေသည်။ “အနောက်တိုင်းနှင့် ရင်းနှီးဆက်စပ်ပြီးသားဖြစ်သည့် လူဘုရားဟူသည် အဖြူထည်လူသား ဖြစ်ခြင်းကို ကိုယ်စားပြုသည်ဟူသော ယေျဘုရ ဒသန လွှမ်းမိုးခြင်းလည်း ဖြစ်နိုင်ဘွယ်ရှိပေသည်။ ထို့ပြင် အနောက်တိုင်းသားများက သူတို့၏ ဘုရားများသည် အရေးကြီးသော ပင်မရင်းမြစ်များကို စီမံပြုလုပ်နိုင်သည်ဟူသော ဆည်းကပ်မှုများနှင့် ပမည်းပမာ တူနေပေသည်။” (ဘုဒ္ဒမန်– "The Diffusion of Classical Art in Antiquity" )

## (၅–၁) အာရှ အလယ်ပိုင်းသို့ ပြန့်နှံ့ခြင်း



**တီလိယား တိပ် တွင် တွေ့ရသော ဗုဒ္ဓဘာသာတို့၏ ရွှေဒင်္ဂါး (ဂူအမှတ် ၆)**

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

အေဒီ ၁ ရာစုက သွန်းလုပ်သော ဗုဒ္ဓဘာသာတို့၏ ရွှေဒင်္ဂါးကို အာဖဂန်နစ္စတန် မြောက်ပိုင်း **တီလိယားတိပ်** တူးဖေါ်ဒေသတွင် ရပေသည်။ ထိုဒင်္ဂါးတွင် ခြင်္သေ့ပုံနှင့် ရတနာသုံးပါးကို ပုံဆောင်သော (နန္ဒိပတ) ပုံဖြင့် ဖြစ်၍ (ခါရိုစီ ဘာသာ (ရှေ့အာဖဂန် ဘာသာစကား) ပုံပြင်အရ ခြင်္သေ့သည် အကြောက်တရားများကို ပယ်ဖျက်ခြင်းကို ပုံဆောင်သည်)၊ တစ်ခြား တစ်ဘက်တွင် ရှေ့ဂရိ (ဟီလင်နစ်စ်တက်ခ်) ခါးဝတ်စနှင့် ရှေး**သက်သာလောနိတ်**တို့၏ ရှေးပြေးနိမိတ်ဆောင် နတ်ဘုရားများ ဆောင်းသည်ဟု ဆိုသော **ပီတာဆို့စ်** ဦးထုပ်ကို ဆောင်းထားသည့် လုံးဝ ကိုယ်လုံးတည်းနည်းပါး လူတစ်ယောက်က ဗုဒ္ဓ ဓမ္မစကြာကို လှိမ့်နေသည့်ပုံဖြင့် ဖြစ်ပေသည်။ ခါရိုစီဘာသာဖြင့် ပုံပြင်ကို (ဓမ္မခ္ခါရာပရာယာတ (ကို))ဟုဖြစ်၍ “ဥပဒေ ဓမ္မစက်ကို လှည့်သောသူ” ဟု အနက်ဖြစ်ပေသည်။ ၎င်းသည် အစောပိုင်းကာလက ဗုဒ္ဓအား ကိုယ်စားပြုတင်ပြခြင်း ဖြစ်သည်ဟု သုံးသပ်ထင်မြင်ကြပေသည်။

## (၆) မဟာယန ပေါ်ပေါက်လာခြင်း (ဘီစီ ၁ ရာစုမှ အေဒီ ၂ ရာစု)



**ကနက်သျှကမင်း၏ ကုရှန်အင်ပါယာ ဗုဒ္ဓ၏ပုံဖြင့် ဒင်္ဂါး (သူ့အမည်အား ဂရိ ဘာသာဖြင့် ဘုဒ်ဒို) အေဒီ ၁၂၀**

အေဒီ ၁ ရာစုမှ စ၍ အိန္ဒိယပြည် အနောက်မြောက်ပိုင်းတွင် နိုင်ငံရေး ရှုပ်ထွေးပြောင်းလဲမှုများဖြင့် မဟာယန ဗုဒ္ဓဝါဒ ထွန်းကားလာခဲ့ပေသည်။ အင်ဒို–ဂရိ ဘုရင့်နိုင်ငံသည် တစ်စစ လွှမ်းမိုးလာပြီး သူတို့၏ ယဉ်ကျေးမှုအား အင်ဒို–စက်သီယန် များနှင့် ဘီစီ ၁၂ ခန့်က စတင်၍ ကုရှန်အင်ပါယာအား ထူထောင်ခဲ့သည့် ယုချီများက လက်ခံ လာခဲ့ပေသည်။

ကုရှန်တို့သည် ဗုဒ္ဓဘာသာအား ထောက်ခံအားပေးသူများ ဖြစ်၍ အေဒီ ၁၀၀ ပတ်ဝန်းကျင်ခန့်က ဂျလန်ဒါ သို့မဟုတ် ကရှ်မီးယားနယ်တွင် ကုရှန်ဘုရင် ကနက်သျှက က စတုတ္ထသံဃာယနာ တစ်ခုကို တင်ခဲ့ပေသည်။ ၎င်းကို ထေရဝါဒမှ ဂိုဏ်းကွဲဖြစ်သော မဟာယနတို့က တင်ခြင်း ဖြစ်၍၊ ထေရဝါဒများက ထို သံဃာယနာအား အသိအမှတ် မပြုဘဲ ရံဖန်ရံခါတွင် မိစ္ဆာရဟန်းများ၏ သံဃာယနာဟုပင် ဆိုပေသည်။

၎င်းသည် ဗုဒ္ဓဘာသာ သဏ္ဍာန်သစ်ဖြစ်၍ ဗုဒ္ဓအား ထာဝရဘုရားကဲ့သို့ ဆည်းကပ်ပူဇော်သော အယူဖြစ်ပေသည်။ အယူအဆအားဖြင့် “ဖြစ်တည်မှုတိုင်းသည် ဗုဒ္ဓ၏ သဘာဝ၌ရှိ၍ (ဘုရားဖြစ်ထိုက်သော) လူသားတို့အား ဗုဒ္ဓအဖြစ် ဓါတ်တော်ကူးပေးမှု (ကိန်းဝပ်မှု) ဗုဒ္ဓကိုယ်ပွားအဖြစ် ခံယူပေသည်။ အိန္ဒိယ အနောက်မြောက်ပိုင်းနှင့် ကုရှန်အင်ပါယာတွင်းမှ အယူအဆမျိုးစုံ လွှမ်းနေသော အယူဖြစ်သည် ဟူ၏။”

### (၆–၁) နှစ်ကြိမ်မြောက် စတုတ္ထ သံဃာယနာ

အေဒီ ၁၀၀ ပတ်ဝန်းကျင်ခန့်က ဂျလန်ဒါ သို့မဟုတ် ကရှ်မီးယားနယ်၌ ကုရှန်ဘုရင် ကနက်သျှ လက်ထက်တွင် စတုတ္ထ သံဃာယနာ တစ်ခုကို တင်ခဲ့သည် ဟုဆိုသော်လည်း ထေရဝါဒများအတွက် နှစ်ပေါင်း နှစ်ရာခန့် စောလျှက် သီရိလင်္ကာ၌ ကိုယ်ပိုင် စတုတ္ထ သံဃာယနာ ရှိခဲ့၍ ပါဠိပြဋ္ဌာန်းချက်ကို ပထဦးဆုံးအနေဖြင့် ပေထက်အက္ခရာ တင်ခဲ့ပေသည်။ ထို့ကြောင့် စတုတ္ထ သံဃာယနာမှာ နှစ်ခုဖြစ်၍ တစ်ခုသည် သီရိလင်္ကာတွင်၊ အခြား တစ်ခုသည် ကရှ်မီးယား (**သာဝတ္ထိဝတီ**) တွင် ဖြစ်ပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com



ပြန့်ထွက်လာသော ဗုဒ္ဓဘာသာနှင့် ကုန်သွယ်လမ်းကြောင်း အေဒီ ၁ ရာစု

ကရှ်မီးယား စတုတ္ထ သံဃာယနာတွင် ကနက်သျှသည် သံဃာ ၅၀၀ ကို စု၍ **ရှင်ဝိဆုမေတ္တယျ** အား ကြီးမှူး စေခဲ့သည် ဟု ဆိုပေသည်။ အစိတ်အပိုင်းအားဖြင့် ၎င်းသည် အဘိဓမ္မာ၏ အဌကထာတွင် ပါဝင်သည် ဖြစ်နိုင်သော်လည်း ၎င်းကိုယ်တိုင် ပြဌာန်းချက်ဖြင့် တည်ရှိနေသည်မှာ ဖြစ်နိုင်စရာ ရှိပေသည်။ သံဃာယနာတွင် သုတ်တော်ပေါင်း သုံးသိန်းနှင့် အဆိုပေါင်း ကိုးသန်းကျော်ကို စုဆောင်းလျှက် ပြီးမြောက်စေရန် ၁၂နှစ်ကြာ သည်ဟု ဆိုပေသည်။ ဤသံဃာယနာ၏ အဓိက ဖြစ်ထွန်းမှုမှာ မဟာပရိနိဗ္ဗာနသုတ်ဟု ထင်ခြားသော **သာဝတ္ထိသတိ** (ကရှ်မီးယား) အဘိဓမ္မာ၏ တိုးချဲ့သော အကိုးအကား သင်္ဂြိုလ်ကျမ်း ဖြစ်သည့် ကျယ်ပြန့်သော အဌကထာကြီးအား ကျမ်းပြုခြင်းပင် ဖြစ်ပေသည်။

သုတေသီများက ထိုခေတ်ထိုအခါတွင် သာဝတ္ထိဝတီ ကျမ်းတော်၌ ရေးကျသော **ပရာခရစ်** ဘာသာမှ သင်သက္ကရိုက် မှတ်တမ်းအဖြစ် ဘာသာစကားမှာ သိသာစွာ ပြောင်းလဲသွားသည်ဟု ယုံကြည်ကြပေသည်။ ဤပြောင်းလဲမှုသည် ကျမ်းတော်၏ အနှစ်သာရအား ထိခိုက်နစ်နာမှု မရှိသော်လည်း သင်သက္ကရိုက် ဘာသာစကားသည် အန္ဒိယတွင် ပြမ္မဝါဒီများ၏ ကျမ်းသုံး ဘာသာစကားဖြစ်သည့် အပြင် အခြားသော အတွေးအခေါ် သမားများ (ဘာသာ လူမျိုးမခွဲ) လည်း သုံးစွဲကြပေသည်။ ထို့ကြောင့် ဗုဒ္ဓ၏ အယူများသည် ပိုမိုကျယ်ပြန့်သော ပရိတ်သတ်များထံသို့ ရောက်ရှိသွားပေသည်။ ဤသို့သော အကြောင်းဖြင့် အိန္ဒိယရှိ ဗုဒ္ဓပညာရှင်များကြား အဌကထာများနှင့် အခြားကျမ်းများကို သင်သက္ကရိုက်ဖြင့် ရေးသားမှုဘက်သို့ ယိမ်းယိုင် အားသာလာခဲ့သည်။ ထေရဝါဒကဲ့သို့ ရှေးကျသော ဂိုဏ်းများစွာကမူ သင်သက္ကရိုက်သည် ပေါရာဏ ဘာသာတရား၏ ဘာသာစကား ဖြစ်သောကြောင့် ဗုဒ္ဓက သူ၏ ဩဝါဒများကို သင်သက္ကရိုက်သို့ ပြန်ဆိုခြင်းအား ပြတ်သားစွာ တားမြစ်ခဲ့သည် ဟူ၍ သူတို့၏ကျမ်းစာအား သင်သက္ကရိုက်သို့ ကူးပြောင်းစေခြင်း မရှိခဲ့ပေ။ ဗုဒ္ဓသည် သူ၏ ရဟန်းများအား အများသုံး နားလည်သည့် ဘာသာစကားထက် အရပ်သုံးသာသာစကားများကို သာပြောဆိုရန် လိုလားခဲ့ပေသည်။ သို့သော်လည်း အချိန်များ ကုန်လွန်လာသောအခါ ထေရဝါဒီများ၏ ကျမ်းသုံး ဘာသာစကားသည် ပေါရာဏ အကျဆုံးသော ဘာသာစကားများကဲ့သို့ ဂိုဏ်းသာသာစကား ဖြစ်လာပေတော့သည်။

## (၇) မဟာယန ထွန်းကားပြန့်နှံ့ခြင်း (အေဒီ ၁ ရာစုမှ ၁၀ ရာစု)




မဟာယန ထွန်းကားပြန့်နှံ့ခြင်း (အေဒီ ၁ ရာစုမှ ၁၀ ရာစု)

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

မဟာယနဗုဒ္ဓဘာသည် အိန္ဒိယ၏ အရှေ့ဘက်ပိုင်းမှသည် အရှေ့တောင်အာရှ မြောက်ပိုင်းသို့ အာရှအလယ်ပိုင်း တရုပ် ကိုးရီးနှင့် နောက်ဆုံး အေဒီ ၅၃၈ တွင် ဂျပန်အထိ ပြန့်နှံ့ထွန်းကားခဲ့ပေသည်။

## (၇-၁) အိန္ဒိယ

ကုရှန်ခေတ်ကုန် ကုပ်တ မင်းဆက်လက်ထက် (အေဒီ ၄ ရာစုမှ ၆ ရာစု) တွင် ဗုဒ္ဓဘာသာသည် အန္ဒိယ၌ အားသစ်လောင်းခဲ့ပြန်သည်။ နောက်ရာစုပေါင်းများစွာ  အိန္ဒိယ၏ အရှေ့ မြောက်ပိုင်းရှိ ဗုဒ္ဓယဉ်ကျေးမှုအတွက် ကျော်ကြား၍ သြဇာရှိသော ပညာရေး ပင်မဌာနဖြစ်သည့် နာလန်ဒါ ကဲ့သို့ မဟာယန ပညာသင်ကြားရေး ဗဟိုပင်မများကို ထူထောင်ခဲ့ပေသည်။ ဂုပ်တ ပုံစံဗုဒ္ဓဘာသာသည် အရှေ့တောင်အာရှမှသည် တရုတ်ပြည်အထိ များစွာ သြဇာရှိလျှက် ပြန့်နှံ့ခဲ့ပေသည်။



**ဗုဒ္ဓနှင့် ဗောဓိသတ္တ (၁၁ ရာစု ပါဠ အင်ပါယာ)**

အိန္ဒိယ ဗုဒ္ဓဘာသာသည် လူဖြူ ဟွန်များ၏ ဝင်ရောက်သိမ်းပိုက်ခြင်းနှင့် မိဟိကုလ ဖိနှိပ်မှုကြောင့် အေဒီ ၆ ရာစုတွင် အားနည်းသွားခဲ့သည်။

ရှင်ဟိယန်ဆိုင်၏ အေဒီ ၇ ရာစု ခရီးသွားမှတ်တမ်းတွင် “အန္ဒရ၊ ဒန်ယာကတ်တယနှင့် ဒရဝိဒ (ယခုခေတ် အန္ဒရ ပရာဒေ့ရှ်နှင့် တမီးလ်နားဒူး ပြည်နယ်)တွင် ဗုဒ္ဓဝါဒကျော်ဇော နေခဲ့သည်။ ယခုခေတ် နီပေါဖြစ်သည့် ဒေသ ဝန်းကျင်တွင် များစွာသော စေတီများ ပျောက်ပျယ်ခဲ့၍ ဗုဒ္ဓရဟန်းတော်များမှာ (ယခုခေတ် အနောက် ဘန်ဂေါ ပြည်နယ်ဖြစ်သည့်) ဂူးဒ ဘုရင်နိုင်ငံ ဆန်က မင်း၏ ညှင်းပန်းမှုများကို ခံခဲ့ရပေသည်။ ထိုကာလအတွင်း ကာကွယ် စောင့်ရှောက်ပေးခဲ့သော ဟာရှာဗာဒနအား ဟိယန်ဆိုင်က ကျေးဇူးတင်ထားပေသည်။” ဟာရှာဗာဒနမင်းများ၏ ဘုရင်နိုင်ငံပြီးနောက် များစွာသော ဘုရင်နိုင်ငံငယ်များ စုပေါင်းပေါ်ထွန်းလာကာ နောက်ပိုင်း ဂင်္ဂါမြစ်ဝှမ်း တလျှောက်မှ ရာ့ဂျ်ပုတ်များအဖြစ် ပေါ်ထွန်းလာ၍ ဘန်ဂေါဒေသသည် ပြိုင်ဘက် ပါဠမင်းအင်ပါယာ အောက်၌ ရှိနေစဉ် ဗုဒ္ဓဘာသာ အုပ်စိုးသည့် အုပ်စုများအား ကာကွယ်စောင့်ရှောက်ထားမှုများ ပျောက်ကွယ်သွားသည်ဟု ဆိုခြင်းကို မသိမသာ ငြင်းပါယ်ထား ပေသည်။ ဤဒေသ သိနဟိန္ဒူ မင်းဆက်များ၏ ထိုးနှက်မှုများကြောင့် ပါဠ မင်းဆက် မပြိုပျက်မီတွင် မဟာယန ဗုဒ္ဓဘာသာသည် အားသစ်လောင်းလျှက် အေဒီ ၈ ရာစုနှင့် ၁၂ ရာစုတွင် ဘူတန်နှင့် စက္ကင်ဒေသများသို့ ပြန့်နှံ့သွားခဲ့ပေသည်။ ပါဠမင်းများသည် များစွာသော ဗုဒ္ဓပုထိုး ကျောင်းကန်များနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို ဖန်တီးခဲ့ပေသည်။ ဟိယန်ဆိုင်က မှတ်ချက်ချသည်မှာ အမျိုးမျိုးသော ဒေသများတွင် ဗုဒ္ဓဘာသာသည် ဂျိမ်းဝါဒနှင့် ဟိန္ဒူဝါဒများအား လမ်းကြောင်းပေးခဲ့ပေသည်။ အေဒီ ၁၀ ရာစု လောက်တွင် ပါဠမင်းများလွန်၍ ဟိန္ဒူမင်းများ စိုးစံလာသောအခါ ဗုဒ္ဓဘာသာသည် ဗိဿနိုး (ဗိရှ်နူး) ဝါဒဟိန္ဒူမှ ဗုဒ္ဓသည် ဗိဿနိုး၏ ၉ ပါးမြောက် (လူသားဘဝဖြင့်လာသော) ဘုရားအဖြစ် ဝင်စားလာသည်ဟု ဆိုခြင်းကို သဘော တူညီမှု မရှိဘဲ မသိမသာ ငြင်းဆန်ထားပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

အန္ဒိယ ဗုဒ္ဓဘာသာက အေဒီ ၁၁၉၃ ခု မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့ သည့် မုဟမ္မဒ် ခါလက်ခ်၏ လက်အောက်ရှိ တာကက်ခ် အစ္စလာမ်မစ် ဝင်သိမ်းသူများက နာလန်ဒါ အား မီးရှို့ခဲ့မှုကို ငြင်းပယ်ထားခြင်းမှာ ထင်ရှားပေသည်။ ၁၂ ရာစု အကုန်ပိုင်းတွင် ဗုဒ္ဓဘာသာ အမာခံနယ်ဖြစ်သည့် ဘီဟာရ်ပြည်နယ်အား အစ္စလာမ် ဘာသာဝင်များ အောင်နိုင်ပြီးနောက် ဗုဒ္ဓဘာသာများအား နိုင်ငံရေးအာဏာပိုင်များ၏ ပံ့ပိုးအားပေးမှုနှင့် လူမှုရေးဇတ်စနစ်များ အား ထောက်ခံအားပေးမှုမှာ ဆုံးရှုံးသွားခဲ့ပေသည်၊ သို့သော် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှုကို နှိပ်ကွပ်ခြင်း မရှိခဲ့ချေ။ ထိုမှ ဗုဒ္ဓဘာသာသည် မြောက်ပိုင်း ဟိမဝန္တာတောင်ခြေနှင့် တောင်ပိုင်း သီရိလင်္ကာတွင် နေရာယူခဲ့ ပေသည်။ ထို့ပြင် **အဒ်ဗိုင်တာ** (ဟိန္ဒူ ဝေဒန္တ အယူ) ကဲသို့ ပြိုင်ဘက် ဟိန္ဒူအုပ်စု၊ **ဘာ့က်တီ** (ဘာ့က်တီး အား ဗီးရှ်နူး၊ သီဝ တို့ကဲ့သို့ ဘုရားဟု သတ်မှတ်သည့် ဂိုဏ်း) လှုပ်ရှားများ ထွန်းကား လာခြင်းနှင့် သာသနာပြု ဆူဖီ (အစ္စလာမ် ဝိပဿနာ ဒသန အုပ်စု) များ၏ ထိုးဖေါက်မှုများကြောင့် ဗုဒ္ဓဘာသာမှာ မေးမှိန်ဆုတ်ယုတ် လာခဲ့ ပေသည်။

## (၇–၂) အာရှ အလယ်ပိုင်း၊ မြောက်ပိုင်းဒေသ

### ၇–၂ (က) အာရှအလယ်ပိုင်း

ဗုဒ္ဓဘာသာသည် ဗုဒ္ဓလက်ထက်မှစ၍ အာရှအလယ်ပိုင်းတွင် ဩဇာလွှမ်းမိုးခဲ့ဘွယ် ရှိပေသည်။ ထေရဝါဒ ကျမ်း သုံး ပါဠိကျမ်းများ၏ စကားစဉ်အရ ဘရက်တီးယားမှ ကုန်သည် ညီနောင်နှစ်ဦးဖြစ်သော **တက်ပါဆု** နှင့် **ဘာလိက** တို့သည့် ဗုဒ္ဓထံသို့ ရောက်လာကြ၍ တပည့်သာဝကများ ဖြစ်လာခဲ့ပေသည်။ သူတို့သည် ဘရက် တီးယားသို့ ပြန်သောအခါ ဗုဒ္ဓအားရည်စူး၍ ကျောင်းဆောင် တည်ဆောက်ခဲ့သည် ဟူ၏။

အာရှအလယ်ပိုင်းသည် အိန္ဒိယ တရုပ်နှင့် ပါရှားတို့၏ ကြားဆုံမှတ်အဖြစ် ရှည်ကြာစွာ တည်ရှိခဲ့ပေသည်။ အေဒီ ၂ ရာစုအတွင်း ယခင်က ဟန်လူမျိုးတို့၏ အနောက်ဘက်သို့ ပြန့်နှံ့မှုသည် အထူးသဖြင့် ဂရီ–ဘရက် တန် ဘုရင့်နိုင်ငံဖြစ်သည့် အာရှ ဟီလင်နစ္စတက်ခ် (ရှေးဂရိယာဉ်ကျေးမှု) ထွန်းကားရာ ဒေသများ ဆီသို့ ယှက်နွယ် လာခဲ့ပေသည်။ ထိုမှတဆင့် ဗုဒ္ဓသာသနာသည် မြောက်ပိုင်းသို့ ပြန့်နှံ့လာလျှက် ဗုဒ္ဓဘာသာ လူ့အသိုင်းအဝိုင်းများ ဖြစ်တည်လာသည်အထိ ဖြစ်ခဲ့၍ အာရှအလယ်ပိုင်းတွင် ဗုဒ္ဓဘာသာ ဘုရင်နိုင်ငံများပင် ရှိလာခဲ့၏။ ပိုးလမ်းမ၏ အချို့သောနေရာများတွင် ဗုဒ္ဓဘာသာစေတီများနှင့် ဘုန်းကြီးကျောင်းများ ပြည့်လုနီးပါး ရှိနေသော မြို့များ ပါဝင်ပေ၏။ ယင်းမှာ အရှေ့အနောက်မှ လာသည့် ခရီးသွားများအား ကြိုဆို ဧည့်ခံရာ ဌာနေများ ဖြစ်ဟန် ရှိ၏။

အေဒီ ၂ ရာစု ၃ ရာစုက မဟာယန မရောယှက်မှီ ထေရဝါဒယဉ်ကျေးမှုသည် တာကက်ခ် လူမျိုးစုများထံသို့ ပြန့်နှံ့သွားခဲ့ပေသည်။ ထိုဒေသများမှာ ယခုခေတ် ပါကစ္စတန်၊ ကရှ်မီးယား၊ အာဖဂန်နစ္စတန်၊ အီရန်အရှေ့ ဘက်ပိုင်းနှင့် ကမ်းရိုးတန်းဒေသ၊ ဥဇဘက်ကစ္စတန်၊ တာခ်မန်နစ္စတန်နှင့် တာဂျစ်ကစ္စတန်တို့ ဖြစ်၏။ ဂန္ဓရ၏ ရှေးဟောင်းပြည်နယ်များ၊ ဘရက်တီးယား၊ ပတ်သီးယားနှင့် ဆွန်ဒီးယားတို့၌လည်း မြောက်များစွာ ရှိခဲ့၍ ထိုမှ တဆင့် တရုပ်ပြည်သို့ ပြန်နှံ့သွားခဲ့၏။ ထိုတာကက်ခ် လူမျိုးစုများအနက် ဗုဒ္ဓဘာသာအား ပထဦးဆုံး လက်ခံ ရယူသော လူမျိုးမှာစုမှာ တာခီ–ရှာဟီ ဖြစ်၍ သူတို့၏ ဗုဒ္ဓဘာသာအား လက်ခံခြင်းမှာ ဘီစီ ၃ ရာစထက် နောက် မကျခဲ့ချေ။ သို့သော် ဤဘာသာတရား တစ်ခုတည်းကိုသာ အချုပ်အခြာ ယုံကြည်မှု ဘာသာအဖြစ် မသတ်မှတ်ခဲ့ချေ။ **ဇိုရိုအက်စတာ** ဘာသာ၊ ဟိန္ဒူ၊ **နက်စတိုရီယန်– ခရစ်ယာန်** (ကွန်စတန်တီနိုဘယ်မှ ခရစ်ယာန်ဘုန်းကြီး နက်စတိုတီးယပ်စ် (အေဒီ ၃၈၆–၄၅၁)၏ ခရစ်နှစ်ပါး (ကောင်းကင်မှ ထာဝရဘုရားသည် လည်း ခရစ်တော်ပင်ဖြစ်၏ ဟူသော) အယူရှိသော ခရစ်ယာန်ဂိုဏ်း)၊ ဂျူး၊ **မန်နစ်ခီယန်** (အေဒီ ၂၁၀–၂၇၆ တွင် ပွင့်ခဲ့သည့် တမန်တော် မန်နီ၏ ဘာသာ –ရှေးအီရန်လူမျိုးတို့၏ အဓိက ဘာသာတစ်ခု)၊ **ရှမ်မန်နစ်ဇင်** (ဝိညာဉ် များကို ယုံကြည်သည့် ရိုးရာနတ်ဘာသာ) နောက်လိုက်များ၊ **တန်ရီ** (ရှေး တာ့က်ခ် လူမျိုးတို့၏ ရိုးရာဘာသာ) ဘာသာများ အခြားသော ရှေးဦးမူလ လူမျိုးများနှင့် ဘာသာတရားတစ်ခု စနစ်တကျ မရှိသော သူများလည်း ရောနှောလျှက် ရှိနေပေသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

အမျိုးမျိုးသော နိကာယ (နိကယ်) ကျောင်းများသည် အာရှအလယ်ပိုင်းနှင့် တရုတ်ပြည်တို့တွင် အေဒီ ၇ ရာစု ဝန်းကျင်ခန့်အထိ တည်ရှိနေပေသည်။ မဟာယနများသည် ထိုကာလတွင် စတည်၍ လွှမ်းမိုးလာသော်လည်း နိကယ်များကို စွဲမှတ်သည့် သာဝတ္ထိဝတီနှင့် ဓမ္မဂုတ်တက များသို့ အယူလွှမ်းမိုးခဲ့ခြင်း မရှိချေ။ ကျန်သော အာရှ အလယ်ပိုင်း ဘုန်းကြီးကျောင်းများသည် ရွေးချယ်ထားသော ဝိနည်းများကို ကျင့်သုံးခဲ့ပေသည်။

အာရှအလယ်ပိုင်းဒေသများနှင့် အောက်ဘက် အိန္ဒိယတိုက်ငယ်တို့တွင် ကုရှန်အင်ပါယာ ကဲ့သို့ ဗုဒ္ဓဘာသာ ဘုရင်နိုင်ငံများစွာ ထွန်းပေါ် ဖွံ့ဖြိုးလာခဲ့ပေသည်။ အေဒီ ၅ ရာစုတွင် ကုရှန်အင်ပါယာအား လူဖြူ ဟန်များက ဝင်ရောက်သိမ်းပိုက်ပြီး **မင်ဟီရူလ**မင်း လက်ထက်တွင် ဗုဒ္ဓဘာသာများမှာ များစွာ နှိပ်ကွပ်ခံခဲ့ရပေသည်။

အာရှအလယ်ပိုင်း ဗုဒ္ဓဘာသာသည် အေဒီ ၇ ရာစုတွင် အစ္စလာမ်ဘာသာ ပြန့်နှံ့ထွန်းကား လာသောအခါ စတင်မှေးမှိန်သွားပြီး စစ်ပွဲများအတွင်း သာသနိက အဆောက်အုံများစွာ ဖျက်သိမ်း ခံလိုက်ရပေသည်။ မူဆလင်များက သူတို့အား ခရစ်ယာန်များ၊ ဂျူးများကဲ့သို့ "ဒင်းမစ်" ကျမ်းရသူများ အဖြစ်သတ်မှတ်ခဲ့သည်။ **အလ် ဘီယူနီ** က ဗုဒ္ဓသည် တမန်တော်တစ်ပါးဖြစ်၍ အမည်မှာ "ဗူးဇ" ဖြစ်သည်ဟု ရေးသားခဲ့ပေသည်။

ဗုဒ္ဓဘာသာသည် ဂျင်ဂစ်ခန်း၏ သိမ်းပိုက်မှုများနောက် မွန်ဂိုမင်းဆက်များအောက်နှင့်၊ အီလ်ခန်းနိတ် နှင့် ခါဂါတိုင်း ခန်းနိတ် တို့ မင်းဆက်များကို တည်ထောင်လျှက် သူတို့၏ ဗုဒ္ဓဘာသာအား ဩဇာညောင်းစေရန် ဆောင်ကြည်းခဲ့သော အေဒီ ၁၃ ရာစုတွင် ပြန်လည် မြင့်တက်ခဲ့ ပြန်သည်။ သို့သော် နှစ် ၁၀၀ အတွင်းတွင် ထိုဒေသမှ မွန်ဂိုများမှာ အစ္စလာမ်ဘာသာသို့ ကူးပြောင်းကြလျှက် သူတို့နှင့်အတူ အာရှအလယ်ပိုင်း ဒေသ အားလုံးသို့ အစ္စလာမ် သာသနာ ပြန့်ပွားသွားတော့သည်။ မွန်ဂို အရှေ့ပိုင်းနှင့် ယွန်မင်းဆက် မျှသာ ဟိနယန ဗုဒ္ဓဝါဒအား လက်ကိုင် ပြုလျှက် ကျန်ရှိခဲ့ပေသည်။

## ၇–၂ (ခ) ပတ်သီးယ

အနောက်ဘက်ဆီသို့ ပြန့်နှံ့သွားသော ဗုဒ္ဓဘာသာသည် အရှ်ဆာဆက်ဒ် ပတ်သီးယ ထဲသို့၊ နောက်ဆုံး ရှေးက **မာဂီယာနာ** ယခုခေတ် တာ့ခ်မန်နစ္စတန် ဟုတွင်သည့် **မဲ့ဗ်** ဒေသများ အထိ ရောက်ရှိသွားပေသည်။ ဆိုဗီယက် ရှေးဟောင်းသုတေသန အဖွဲ့မှ **မဲ့ဗ်** ဒေသတွင် အလွန်ကြီးမားသော ဗုဒ္ဓဆင်းတု၊ ဘုန်းကြီးကျောင်းနှင့် အသုံးအဆောင်များကို တူးဖေါ်ရရှိပေသည်။

(ပတ်သီးယန်း) ပတ်သီးလူမျိုးတို့သည် ဗုဒ္ဓဘာသာ သာသနာပြုရာ၌ တိုက်ရိုက်ပါဝင် ပတ်သက်ခဲ့ပေသည်။ ပတ်သီးလူမျိုး အိမ်ရှေ့မင်းသား အန်ရှီဂို (အေဒီ ၁၄၈) သည် တရုတ်သို့ သွားခဲ့၍ ဗုဒ္ဓကျမ်းဂန်များအား တရုတ် ဘာသာသို့ ပထမဆုံး ဘာသာပြန်ဆိုသူ အဖြစ် ထင်ရှားပေသည်။

## ၇–၂ (ဂ) တာရင်း မြစ်ဝှမ်းဒေသ



PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

**မျက်လုံးပြာ အာရှအလယ်ပိုင်းလူ နှင့် အရှေ့အာရှ ဗုဒ္ဓရဟန်းတော် (ဘီဇာ့ခ်လဲ့က်၊ အရှေ့ တာရင်းမြစ်ဝှမ်းဒေသ တရုပ်၊ အေဒီ ၉ ရာစု၊ ၁၀ ရာစု)**

အာရှအလယ်ပိုင်း (တရုတ်၊ တာကစ္စတန်၊ တာရင်း မြစ်ဝှမ်း၊ ဇင်ဂျင်း) ဒေသ များသည် အလွန်တရာ များပြား စွာသော ဗုဒ္ဓယဉ်ကျေးမှု လက်ရာများ (နံရံ ပန်းချီများ၊ ဓါတုစေတီများ၊ အဝတ်ပန်းချီများ၊ ဆည်းကပ်ပူဇော်ရာ ဌာနများ) ကို  ဖေါ်ပြလျှက်ရှိပေသည်။ ၎င်းတို့မှာ အိန္ဒိယ နှင့် ဟီလင်နစ္စတက်ခ် ယာဉ်ကျေးမှု လွှမ်းမိုးကြောင်း ကို ပေါ်လွင်စေပေသည်။ ဆာရင်းဒီယန် လက်ရာသည် ဂန္ဓရ ပုံစံကို သြဇာသက်မှုများ များလှ၍၊ ကျမ်းစာအုပ် များတွင်လည်း ဂန္ဓရီတို့၏ **ခါရိုတီ** စာကို တွေ့ရပေသည်။

အာရှအလယ်ပိုင်းသားတို့သည် အရှေ့ပိုင်းသို့ ဗုဒ္ဓဘာသာ ဆက်သွယ်ပေးရေး၌ အဓိကနေရာမှ ပါဝင်ခဲ့ဟန်ရှိပေ သည်။ ဗုဒ္ဓကျမ်းများအား တရုတ်ဘာသာသို့ စတင်ဘာသာပြန်ခဲ့သူများမှ **အန်ရှီဂိုု** (အေဒီ ၁၄၈) ကဲ့သို့ **ပါတ်သီ** လူမျိုးများ (တရုပ်အခေါ် အန်ဇီ) မဟုတ်သော်က **လောကဆီမာ** (အေဒီ ၁၇၈) ကဲ့သို့ **ယူဇီ** တိုင်းရင်းသားများမှ **အန် ဟူစန်** သို့မဟုတ် **ဇီးကွင်** နှင့် **ဇီယို** သို့မဟုတ် **ကန်ဆန်ဂိုင်း** ကဲ့သို့ **ဆိုင်ဒီယန်** (တရုတ်– **ဆူတေ SuTe/** 粟特) တို့ ဖြစ်ကြ၏။ ဗုဒ္ဓစာပေ ဘာသာပြန်သူပေါင်း ၃၇ ဦးမှာ ထင်ရှား၍ အများစုမှာ အာရှ အလယ်ပိုင်း သားများ ဖြစ်ကြောင်း သိရှိနိုင်ပေသည်။

အာရှအလယ်ပိုင်းနှင့် အရှေ့ပိုင်း ဗုဒ္ဓရဟန်းတော်များသည် အေဒီ ၁၀ ရာစုထိတိုင် ပြင်းထန်သော (ယာဉ်ကျေးမှု) ဖလှယ်ခြင်းကို ထိန်းထားနိုင်ခဲ့ကြောင်း တာရင်းမြစ်ဝှမ်းဒေသ တွေ့ရှိချက်များက ပြသနေပေသည်။ ဤသြဇာ လွှမ်းမှုများသည် တရုတ်တို့၏ ကြီးမားသော ရိုးရာယဉ်ကျေးမှုကိုပင် ထပ်ပြန်တလဲလဲ စိမ့်ဝင်သွားလျှက် တရုတ် အနုလောမဝါဒီတို့သည်။ ဤအချက်ပေါ်၌ အခြေခံလျှက် ပေါ်ထွန်းလာခြင်း ဖြစ်ပေသည်။

## ၇–၂ (ဃ) တရုတ်

ဗုဒ္ဓဘာသာသည် တရုတ်ပြည်သို့ အေဒီ ၁ ရာစု ပတ်ဝန်းကျင်ခန့်ကပင် အာရှအလယ်ပိုင်းမှ တဆင့် ရောက်ရှိ ခဲ့ဟန် ရှိပေသည်။ (အချို့သော ရိုးရာ စကားစဉ်အရ **အာသောက** စိုးစံနေစဉ် ကတည်းကပင် ရဟန်းတော် တစ်ပါးသည် တရုတ်ပြည်သို့ ရောက်လာခဲ့သည်ဟု ဆိုပေသည်)။ သို့သော် အေဒီ ၈ ရာစုတွင်မှ ဗုဒ္ဓဘာသာ အား ပြင်းပြင်းထန်ထန်လှုပ်ရှားသည့် ပင်မဌာန ဖြစ်လာခဲ့ပေသည်။

အေဒီ ၆၇ တွင် ရဟန်းတော်နှစ်ပါးဖြစ်သည့် **မွတ်တို** နှင့် **ချူဖန်လန်**တို့ ရောက်ရှိလာပြီး ဗုဒ္ဓဘာသာသည် တရုတ်ပြည်သို့ တရားဝင် မိတ်ဆက်ခဲ့ပေသည်။ အေဒီ ၆၈ ခုနှစ်တွင် ဧကရာဇ်ပြည့်ရှင်၏ ကာကွယ်စောင့် ရှောက် မှုအောက်၌ ဧကရာဇ်နေပြည်တော် **လူအိုယန်း**နှင့် နီးကပ်သည့် အရပ်၌ ယနေ့တိုင်တည်ရှိနေသည့် ဝတ်ကျောင်းဖြူ (白馬寺) ကို တည်ဆောက်ခဲ့ပေသည်။ အေဒီ ၂ ရာစု အကုန်ခန့်တွင် (ဗုဒ္ဓကျေးရွာ) အသိုက်အမြုံကို  **ပင်ရွှန်**အရပ် (ယနေ့ ယူဇောင်၊ ဂျင်ဇု) ၌ အောင်မြင်စွာ တည်ထောင်ခဲ့ပေသည်။

ပထမဦးဆုံး မဟာယန ဝိညာဏ ရေးရာ တရုတ်ဘာသာ ပြန်ကျမ်းကို **ကုရှန်** ရဟန်းတော် **လောကဆီမာ** က အေဒီ ၁၇၈ နှင့် ၁၈၉ တွင်၌ **လူအိုယန်း**၌ ပြုစုခဲ့ပေသည်။ အစောဦးဆုံး ဗုဒ္ဓယာဉ်ကျေးမှု လက်ရာ အဖြစ် တရုတ်ပြည်တွင် တွေ့ရှိရသည်မှာ သေးငယ်သည့် (ပန်းချီ) ငွေပဒေသာပင် (အေဒီ ၂၀၀) ပင်ဖြစ်၍ ဂန္ဓရဒေသ ပုံစံနမူနာ ဖြစ်ပေသည်။

အသစ်ရောက်လာသည့် ဂန္ဓရမှ သြဝါဒ နှင့်အအတူ ဆင်းတုတော်များက၊ ထောင့်မတ်သေရှာ သပ်ယပ်စွာ သော ဆံ၊ မုတ်ဆိတ်၊– သပိတ်အတွက် စနစ်တကျ ခေါက်သားကျ ရုံထားသော သင်္ကန်းဖြင့် ထွင်းထုထား သော ဤငွေပဒေသပင် ဗုဒ္ဓဆင်းတုသည် ရှေးဦးဂန္ဓရ လက်ရာများကို ပုံဆောင်ကြောင်း ခိုင်မာစွာ ထောက်ပြ နေပေသည်။     ("Crossroads of Asia" p209)

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com



မေတ္တယျ ဗုဒ္ဓ (မြောက်ပိုင်း **ဝိုင်း** အေဒီ ၄၄၃)

ဗုဒ္ဓဘာသာသည် တန်မင်းဆက် (အေဒီ ၆၁၈–၉၀၇) အစပိုင်းတွင် အားသစ်လောင်းခဲ့ပေသည်။ ဤမင်းဆက်အား နိုင်ငံရပ်ခြားမှ ရိုးရာယဉ်ကျေးမှုများက ပွင့်လင်းစွာ ကူးစက်ခဲ့၍၊ အေဒီ ၄ ရာစုမှ ၁၁ ရာစုအတွင်း မြောက်များစွာသော တရုတ် ဗုဒ္ဓရဟန်းတော်များ၏ ခရီးသွားမှုများကြောင့် အိန္ဒိယ ရိုးရာယဉ်ကျေးမှုများဖြင့် ကူးလူးမှုမှာ ပြန်လည် ရှင်သန်ခဲ့သည်။ တန်နေပြည်တော် ချန်ဂင်းန် (ယနေ့– ဇီအင် Xi'an)သည် ဗုဒ္ဓ အတွေး အခေါ်များ၏ အဓိက ပင်ရင်းဒေသ ဖြစ်လာခဲ့သည်။ ထိုမှတဆင့် ဗုဒ္ဓဘာသာသည် ကိုးရီးယားနှင့် ကင်တိုရှိ သံတမန်များ၏ အကူအညီဖြင့် ဂျပန်သို့ အချေချခွင့် ရရှိခဲ့ပေသည်။ သို့သော်လည်း တန်မင်းဆက်၏ နောက်ဆုံးပိုင်းများတွင် နိုင်ငံရပ်ခြား ယဉ်ကျေးမှု လွှမ်းမိုးခြင်းများအား အားမပေးတော့ဘဲ တန်ဧကရာဇ် **ဝူဇောင်**က အေဒီ ၈၄၅ တွင် နိုင်ငံခြား ဘာသာတရားအားလုံး (ခရစ်ယာန် နစ်တိုရီယန်ဝါဒ၊ ဇိုရိုအက်စတာ ဝါဒ၊ နှင့် ဗုဒ္ဓဝါဒများ အပါအဝင်) ကို တရားမဝင် ဟု ကြေငြာကာ၊ တိုင်းရင်း ဘာသာ တာအိုဝါဒအား ထောက်ပံ့ခဲ့ပေသည်။ သူ၏ အုပ်ချုပ်မြေအနှံ့ ဗုဒ္ဓဘာသာဝင်တို့၏ ပိုင်ဆိုင်မှုများကို ပြည်သူပိုင်သိမ်းခြင်း၊ ဘုန်းကြီးကျောင်းများ၊ သာသနိကအဆောက် အအုံများကို ဖျက်ဆီးခြင်း၊ ဗုဒ္ဓရဟန်းတော်များကို ကွပ်မျက်ခြင်းများကြောင့် ဗုဒ္ဓဘာသာ၏ ရိုးရာ ယဉ်ကျေးမှုများနှင့် အတွေးအခေါ် လွှမ်းမိုးမှုများမှာ အဆုံးသတ်ခဲ့ရပေသည်။
သို့သော်လည်း ဗုဒ္ဓဘာသာအား အကြီးအကျယ်နှိပ်ကွပ်ခဲ့ပြီး နှစ်တစ်ရာ နောက်ပိုင်း ဆွန် မင်းဆက် (အေဒီ ၁၁၂၇–၁၂၇၉) လက်ထက်တွင် ဗုဒ္ဓဘာသာသည် ပြန်လည် ရှင်သန်ခွင့် ရခဲ့ပြန်သည်။ သန့်ရှင်းရာမြေနှင့် ချန်ဗုဒ္ဓဝါဒသည် ရာစုတစ်ချို့ ဆက်လက်ရှင်ခွင့် ရခဲ့ဟန်ရှိပြီး နောက်ပိုင်းတွင် ထိုမှ ဂျပန် ဇင် ဗုဒ္ဓဝါဒအဖြစ် ထွန်းကားခဲ့ပေသည်။ တရုတ်ပြည်တွင် ချန်ဗုဒ္ဓ ဝါဒသည် ဆွန်မင်းဆက် (အေဒီ ၁၁၂၇– ၁၂၇၉) တွင် အားသစ်လောင်းခွင့် ရခဲ့ပြီး၊ ၎င်း၏ ဘုန်းကြီးကျောင်းများသည် ယဉ်ကျေးမှုနှင့် ပညာသင်ကြားရေး ဗဟိုဌာနကြီးများ ဖြစ်ခဲ့ပေသည်။

ယနေ့ခေတ်တွင် တရုတ်ပြည်က သူတို့သည် ကမ္ဘာပေါ်တွင် ဗုဒ္ဓလက်ရာများနှင့် အမွေအနှစ်များကို စုဆောင်းအရမိဆုံး တိုင်းပြည်များအနက်မှ ဖြစ်သည်ဟ ဂုဏ်ဖော်လျှက် ရှိပေသည်။ တန်မင်းဆက် လက်ထက် အေဒီ ၈ ရာစုတွင်းက တည်ဆောက်ခဲ့သော မြစ်သုံးစင်း ဆုံရာမှ စိုက်ကြည့်နေဟန် **လက်ရှန် မဟာဗုဒ္ဓဆင်းတုတော်**မှာ လက်ရှိအထိ ကမ္ဘာ့အကြီးဆုံး ဗုဒ္ဓဆင်းတုတော်ပင် ဖြစ်၍၊ **ဂန်ဆု** အပိုင် **ဒန်းဟွန်**အနီးရှိ **မွတ်ဂို** လိုင်ဂူ၊ **ဟန်နန်** အပိုင် **လူအိုယန်း** အနီးရှိ **လောင်းမင်း ဂရွတ်တို့စ်** နှင့် **ဂွန်ကွင်း** အနီး **ဒါဇူ** ကျောက်ပန်းခုံများမှာ အရေးပါဆုံးသော ဗုဒ္ဓယဉ်ကျေးမှု လက်ရာများ ဖြစ်သည်ဟု ယူနစ်စကို ကမ္ဘာ့ အမွေအနှစ် ဆိုင်ရာ ဆိုက်မှ ဆိုပေသည်။

## ၇–၂ (င) ကိုးရီးယား

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ဗုဒ္ဓဘာသာသည် ကိုးရီးယားသို့ အေဒီ ၃၂၇ ဝန်းကျင်ခန့်တွင် တရုတ် သံအမတ်များ၏ ကိုးရီးယား ဘုရင့်နိုင်ငံ
**ဂိုဂွာယိယို** ထံသို့ အလည်ခရီးတွင် ကျမ်းဂန်များ ဆင်းတုတော်များကို ဆောင်ကြည်း သွားခြင်းဖြင့် စတင် မိတ်
ဆက်ခဲ့ပေသည်။။ ကိုးရီးယားတွင် အထူးသဖြင့် အေဒီ ၇ ရာစုမှ စတင်သော ဇင်ဗုဒ္ဓဝါဒ ထွန်းကားခဲ့ ပေသည်။
အေဒီ ၁၃၉၂ ခုနှစ် ယီမင်းဆက်၏ ကွန်ဖြူရှင် အစပိုင်း **ဂျိုစီအွန်** ကာလတွင် ဗုဒ္ဓဘာသာသည် အကြီးအကျယ်
ခွဲခြားခြင်းကို ခံခဲ့ရသော်လည်း ဇင်ဝါဒ ဆောင်ရွက်မှုများမှာ ချွင်းချက်ဖြစ်ပေသည်။

## ၇–၂ (စ) ဂျပန်



**အမြီးပေါ်၌ ထိုင်နေသော ဗုဒ္ဓဆင်းတု ( နာရာ စီရင်စု၊ အဆုကာ ကာလ၊ အေဒီ ၇ ရာစု၊ တိုကျို အမျိုးသားပြတိုက်)**

အေဒီ ၆ ရာစုတွင် ကိုရီးယား ဘုရင် သုံးနိုင်ငံမှတဆင့် ဂျပန်နိုင်ငံသို့ ဗုဒ္ဓဘာသာကို မိတ်ဆက်ပေးခဲ့ပေသည်။
အေဒီ ၇၅၄ ခုနှစ်တွင် တရုတ် သာသနာပိုင် **ဂန်ဂျီ** ဂျပန်ဗုဒ္ဓဘာသာထံသို့ ဝိနယ (ဥပဒေ) စနစ်များကို
ပေးဆက်ခဲ့ပေသည်။ ထိုအကြောင်းကြောင့် ဂျပန် ဗုဒ္ဓဘာသာသည် ထပ်ဆင့် ဖွံ့ထွားခဲ့၍၊ **စိုင်ချိုနှင့် ကူးကိုင်း**
တို့သည် အေဒီ ၉ ရာစုမှ တရုတ်ဗုဒ္ဓဘာသာ၏ တရားဝင် ဆက်ခံမှုကို ပြုခဲ့ပေသည်။

ပထဝီအနေအထားအရ ပိုးလမ်းမ ခရီးဆုံးဖြစ်သော ဂျပန်သည် ဗုဒ္ဓသာသနာ အိန္ဒိယမှ ပျောက်ကွယ်ပြီး အာရှ
အလယ်ပိုင်းနှင့် တရုတ်တို့သို့ ပြန့်နှံ့လာသော အချိန်တွင် ဗုဒ္ဓ အသွင်အပြင်များ ဖွံ့ဖြိုး စေနိုင်ခဲ့ပေသည်။

အေဒီ ၇၁၀ မှစ၍ ဟိုယူရှိ Hōryū-ji သို့မဟုတ် ကိုဖူကူရှိ Kōfuku-ji ရွှေဓမ္မာရုံနှင့် အာလိန် ငါးဆင့်
စေတီများ ကဲ့သို့ မရေတွက်နိုင်လောက်သော သာသနိက အဆောက်အအုံများကို တည်ဆောက်ခဲ့ ကြပေသည်။
မရေတွက်နိုင်သော ပန်းချီများ ပုံတူများကိုလည်း ပြုလုပ်ခဲ့ကြ၍ ၎င်းတို့မှာ မကြာခဏအားဖြင့် အစိုးရမှ
ပစ္စည်းဒါယကာ အဖြစ် ထောက်ပံ့ခဲ့ပေသည်။ ဂျပန် ဗုဒ္ဓဘာသာ အနုပညာများ ဖန်တီးမှုသည် အေဒီ ၈ ရာစုနှင့်
၁၃ ရာစုကြား **နာရာ၊ ဟိအန်**နှင့် **ကမ္မကုရ** ခေတ်ကာလ တွင် အထွန်းကားဆုံး ဖြစ်ခဲ့ပေသည်။

အေဒီ ၁၂ နှင့် ၁၃ ရာစုမှ စ၍ **ဒိုဂင်**နှင့် **အိစိုင်း**တို့၏ တရုပ်ပြည်မှအပြန် အယူသီလများအား မိတ်ဆက်
ပေးပြီးသည့် နောက်ပိုင်းတွင် ဇင် အနုမာနလက်ရာများ ဖွံ့ဖြိုးခဲ့ပေသည်။ ဇင် အနုပညာများသည် ဇူမိ–အိ၊ နှင့်
အင်ဆို ကဲ့သို့) ပန်းချီအားဖြင့် အထူးအဖြင့် ဖေါ်ပြလျှက်ရှိပြီး၊ (အထူးသဖြင့် ဟိုင်းကုစ် ကဲ့သို့) ကဗျာများ၊
လောက သစ္စာကို ယေဘုယျနှင့် ရိုးရိုးစင်းစင်းပင် (အလယ်အလတ်လမ်းစဉ်) ကို တင်ပြသည့် ပုံဆောင်မှုများ
ဖြစ်ပေသည်။ သဗ္ဗညုတဉာဏ်ကို ပစ္စုပ္ပန်ကာလ၌ ရှာမှီးခြင်းသည်လည်း အခြားသော အရေးပါသည့် ချန်နိုယူ
လ္ဘက် ပွဲတော်၊ သို့မဟုတ် ပန်းများဆင်ယင်သည့် အိကီဘာန လက်ရာများကဲ့သို့ ပြောင်းလွဲခြင်းသို့ ဦးဆောင်ခဲ့
ပေသည်။ ဤဆင့်ကဲဖြစ်စဉ်သည် မည်သည့် လူသားလှုပ်ရှားမှုသည် မဆို ခိုင်မာသော ဉာဏ်စဉ်ရေးရာနှင့်

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

အပြင်သုခမ ဆက်စပ်မှု အစနှင့် အဦးဆုံး ဖြစ်သည့် လှုပ်ရှားမှု ဆက်စက်ခြင်း နိသယ များဖြစ်သည် ဟူ၏။ (martial arts).

ဗုဒ္ဓဘာသာသည် ဂျပန်နိုင်ငံတွင် ယနေ့အထိ အလွန် တက်ကြွလျက်ပင် ရှိနေပသည်။ ဗုဒ္ဓဘာသာ သာသနိက အဆောက်အအုံပေါင်း ၈၀၀၀၀ ဝန်းကျင်ခန့်သည် ပုံမှန်လည်ပတ်လျက် ဖွံ့ဖြိုးဆဲပင် ရှိနေပေသည်။

## (၇-၃) အရှေ့တောင်အာရှ



ဗောဓိသတ္တ လောကဝါရ (ကမ်ဘောဒီးယား ၁၂ ရာစု)

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com



**ကမ်ဘောဒီးယား ဗုဒ္ဓ (၁၄ ရာစု)**

အေဒီ ၁ ရာစုအတွင်းတွင် အရှေ့အလယ်ပိုင်းရှိ ပတ်သီးယန်း အင်ပါယာ ထွန်းကားလာခြင်းနှင့် ဘတစ်ပြန် ကျားတစ်ပြန် ရောမအင်ပါတို့ကြောင့် ကုန်းတွင်း ပိုးလမ်းကြောင်းတွင် ထိန်းချုပ်ကန့်သတ်မှုများ ရှိခဲ့ပေသည်။ ထိုအတောအတွင်းတွင် ရောမတို့သည် အလွန်တရာ ကြွယ်ဝလာခြင်းကြောင့် သူတို့၏ အာရှဇိမ်ခံပစ္စည်းများ ဝယ်လိုအားမှာ မြင့်မားလာပြန်သည်။ ဤဝယ်လိုအားက မြေထဲပင်လယ်ဒေသနှင့် တရုတ် အကြား ရေလမ်းကြောင်းကို ရှင်သန်စေခဲ့၍ အိန္ဒိယသည် အလယ်ကြားခံဒေသ ဖြစ်လာခဲ့ပေသည်။ ထိုအချိန်မှ စ၍ ကုန်သွယ်မှု ဆက်သွယ်ရေး စီးပွားရေး အချေချမှုနှင့် နိုင်ငံရေးဝင်ရောက် စွက်ဖက်မှုပါမကျန် အိန္ဒိယသည် အရှေ့တောင် အာရှသို့ ပြင်းပြင်းထန်ထန် ဩဇာလွှမ်းမိုး လာခဲ့ပေသည်။ အိန္ဒိယ၏ ကုန်သွယ် လမ်းကြောင်းမှာ မြန်မာ တောင်ပိုင်း၊ ရှမ်း (ထိုင်း) တောင်ပိုင်းနှင့် အလယ်ပိုင်း၊ ကမ်ဘောဒီးယား အောက်ပိုင်း၊ ဗီယက်နမ်တောင်ပိုင်းနှင့် များစွာသော ကမ်းရိုးတန်း မြို့ပြများမှာ ချိတ်ဆက်အဖြစ် တည်ထောင်လာခဲ့ပေသည်။

နှစ်ပေါင်းထောင်ကျော် ဩဇာလွှမ်းမိုးခဲ့သောကြောင့် အိန္ဒိယနှင့် ဒေသတွင်း နိုင်ငံအမျိုးမျိုးမှာ ရိုးရာထုံးတမ်းများ အခြေခံအားဖြင့် ညီညွတ်နေပေသည်။ ပါဠိ၊ သင်သက္ကရိုက်နှင့် အိန္ဒိယကျမ်းစာသုံး ဘာသာစကားများသည် ထေရဝါဒနှင့် မဟာယန ဗုဒ္ဓဘာသာများ၊ ဗြမ္မဝါဒ နှင့် ဟိန္ဒူဘာသာများ၏ ဘုံသုံး ဘာသာစကားများ ဖြစ်၍ ရာမယနဇတ်လမ်း၊ မဟာဘာရတ ဇတ်လမ်းများ ကဲ့သို့ အိန္ဒိယ စာပေနှင့် ကျမ်းစာများသည်မှလည်း ထိုဒေသ များ အတွင်း တိုက်ရိုက် ကူးစက်မှုရှိနေခဲ့ပေသည်။

အေဒီ ၅ ရာစုမှ ၁၃ ရာစုအတွင်း၊ အရှေ့တောင်အာရှသည် အလွန်အင်အားကောင်းသော အင်ပါယာ ဖြစ်ခဲ့၍ ဗုဒ္ဓဗိသုကာလက်ရာများနှင့် အနုပညာလက်ရာ ဖန်တီးများ၌ အလွန်တရာ ဆောင်ရွက်လာခဲ့ပေသည်။ ဗုဒ္ဓ ဘာသာသည် အိန္ဒိယ တိုက်ငယ်မှ ပင်လယ်ရေကြောင်း အားဖြင့် တိုက်ရိုက် ဝင်ရောက် ဩဇာသက်လာပြီး၊ ဤ

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

အင်ပါယာများသို့ မဟာယန အယူသည်လည်း လိုက်ပါလာခဲ့ပေသည်။ ဆရီ ဝိဂျယ အင်ပါယာသည် တောင်ဘက်သို့၊ ခမာအင်ပါယာသည် မြောက်ဘက်သို့ သြဇာအတွက် ပြိုင်ဆိုင်လာခဲ့၍ သူတို့၏ အနုပညာ လက်ရာများသည် မဟာယန ဗောဓိသတ္တ ဗိမာန်များ အဖြစ် ဖေါ်ဆောင်ခဲ့ပေသည်။



**မလက်ကာမှ ဆရီဝိဂျာယန် ဟန်ဖြင့် အဝလောကိတဝါရ ကျက်သရေဆောင် ရွှေဆင်းတု၊ ဂျန်ဘီ– အင်ဒိုနီးရှား**

## ၇–၃ (က) ဆရီ ဝိဂျာယန် အင်ပါယာ (အေဒီ ၇– ၁၃ ရာစု)

အင်ဒိုနီးရှား ဆုမတ်တြာကျွန်းပေါ်ရှိ ဖလင်ဘန်းမှ ဗဟိုပြုသော ရေပိုင် အင်ပါယာ ဆရီဝိဂျယ သည် စိုင်လင်ဒရာ ဟု ခေါ်သော မင်းဆက်အောက်၌ မဟာယနနှင့် ဟိနယန ဗုဒ္ဓဘာသာကို မွေးစားခဲ့ပေသည်။ ဖလင်ဘန်းသည် ကြီးမားသော ဗုဒ္ဓဘာသာဌာန တစ်ခုဖြစ်ခဲ့၍ ထိုဒေသတွင် အင်ပါယာပြည့်ရှင်က ရဟန်းပေါင်း တစ်ထောင်ကို သူ့နန်းတွင်း၌ ပင့်ဖိတ်ထောက်ပံ့ထားခဲ့သည် ဟု ယိဂျင်က ဖေါ်ပြထားပေသည်။ **အတက်ရှား**သည် တိဘက်သို့ သာသနာပြုအဖြစ် မသွားမီ ထိုဒေသ (ဖလင်းဘန်း) တွင် ပညာဆည်းပူးခဲ့ပေသည်။

ဆရီ ဝိဂျယမှ ဗုဒ္ဓအနုပညာများသည် ၎င်း၏ အင်ပါယာတိုးချဲ့မှုအတွင်း အရှေ့တောင်အာရှသို့ ပြန့်နှံ့ခဲ့ပေသည်။ ဤကာလအတွင်းမှာ အလွန်တရာ သပ်ယပ်သေရှာ လက်ရာမြောက်မှုကို ပုံဆောင်သည့် မြောက်များစွာသော ဗောဓိသတ္တ ဆင်းတုများအား ဒေသတွင်း တလျှောက်တွေ့ရပေသည်။ အလွန်တရာ လက်ရာမြောက်သော ဗိသုကာများကို ဗိုးရိုးဗုဓော (အေဒီ ၇၈၀ ခန့်တွင် တည်ဆောက်ခဲ့၍၊ ကမ္ဘာပေါ်တွင် အကြီးဆုံးသော ဗုဒ္ဓဆင်းတု) သာသနိက အဆောက်အအုံ၌ မျက်ဝါးထင်ထင် တွေ့မြင်ရဆဲ ဖြစ်ပေသည်။ ၎င်းသည် ဂျာဗားၨ၌ရှိ၍ ထိုင်နေသောပုံ ဗုဒ္ဓဆင်းတုတော် ၅၀၅ ဆူပါဝင်ပေသည်။ အေဒီ ၁၃ ရာစုမှ စ၍ အစ္စလာမ်များ၏ ပြန့်နှံ့မှုကြောင့် အာဏာ မတည်အငြိမ် မဖြစ်မီ၊ ဆရီဝိဂျယသည် အိန္ဒိယမင်းများဖြစ်သည့် **ကျူလာ** များနှင့် ပဋိပက္ခဖြစ်ခြင်းကို ရှောင်ကြဉ်ခဲ့ပေသည်။

## ၇–၃ (ခ) ခမာ အင်ပါယာ (အေဒီ ၉– ၁၃ ရာစု)

နောက်ပိုင်း၊ အေဒီ ၉ ရာစုမှ ၁၃ ရာစုတွင် မဟာယနနှင့် ဟိန္ဒူတို့ သြဇာကြီးသည့် ခမာအင်ပါယာသည် အရှေ့တောင်အာရှ ကျွန်းဆွယ်၏ များစွာသော ဒေသများကို ထိန်းချုပ်ခဲ့ပေသည်။ ခမာများ၏ လက်အောက်၌ သာသနိက အဆောက်အအုံပေါင်း ၉၀၀ ကျော်ကို ကမ်ဘောဒီးယားနှင့် အိမ်နီးချင်း ထိုင်းနိုင်ငံတို့၌ တည်

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ဆောက်ခဲ့ပေသည်။ **အန်ကောသ**ည် ဤဖွံ့ဖြိုးမှု၏ ပင်မဌာနဖြစ်ခဲ့၍၊ ကျောင်းဝန်းနှင့် မြို့အဖွဲ့အစည်းသည် မြို့နေလူ တစ်သန်း ပတ်ဝန်းကျင်ခန့်ကို ထောက်ပံ့နိုင်ခဲ့ပေသည်။ **ဂျယာဗာမင်** (၇) အေဒီ ၁၁၈၁–၁၂၁၉ သည် ကြီးကျယ်ဆုံးသော ဘုရင်များအနက် တစ်ပါးဖြစ်ပြီး **ဘေယွန်**နှင့် **အန်ကောသွန်** တွင် ကြီးမားသော မဟာယန ဗုဒ္ဓ ဆင်းတုတော်ကို တည်ဆောက်ခဲ့ပေသည်။

### ၇–၃ (ဂ) ဗီယက်နမ်

အေဒီ ၁၁ ရာစုတွင်း ပင်မမြေဖြစ်သည့် အိန္ဒိယနှင့် ဗုဒ္ဓဘာသာ ဆုတ်ယုတ်လာ၍၊ မဟာယနတို့သည်လည်း အရှေ့တောင်အာရှတွင် မှေးမှိန်လာသောအခါ သီရိလင်္ကာမှ ထေရဝါဒ ဗုဒ္ဓဘာသာသည် (ဗီယက်နမ်သို့) အစားထိုး ဝင်ရောက် မိတ်ဆက်လာခဲ့ပေသည်။

## (၈) ဟီနယာန ဖြာထွက်ခြင်း (အေဒီ ၅ ရာစု)

ဟီနယာန ဗုဒ္ဓဘာသာသည် အေဒီ ၅ ရာစုနှင့် ၇ ရာစုကြားတွင် အိန္ဒိယအရှေ့ပိုင်းမှ ပေါ်ပေါက်လာခဲ့ပေသည်။ ၎င်းအား တခါတရံတွင် မဟာယန၏ ဂိုဏ်းကွဲဟု သတ်မှတ်၍ တခါတရံတွင် ဗုဒ္ဓဘာသာ၏ တတိယမြောက် အဓိ စကြာဟု သတ်မှတ်ပေသည်။ (ယန၏ အနက်မှာ (ဘီး) စကြာ စုဖြစ်သည်)။ ဟီနယာနသည် မဟာယနမှ ဖြန့်ထွက်လာသည် ဖြစ်သောကြောင့် စိတ်ကူးများကို အသုံးပြုခြင်းနှင့် ယောဂ အကျင့်များအပါအဝင် ထပ်ပေါင်း မွန်းမံသော ကျမ်းကျင်စွာ ဖွင့်ဆိုချက်မှအပ အခြားသော အတွေးအခေါ်သစ်များကို ဆည်းကပ်ခြင်း မရှိချေ။ ဤ ယောက ဗုဒ္ဓဘာသာ၏ များစွာသော ကျင့်ကြံအားထုတ်မှုများမှာ ဟိန္ဒူယောဂီ ဂိုဏ်းနှင့် အယူပြွန်းလျှက်ရှိပေသည်။ ဤဂိုဏ်းအား **ရှင်ပတ်မသမ်ဘဝါ** ထူထောင်ခဲ့ခြင်း ဖြစ်ပေသည်။

အစောပိုင်း ဟီနယာန၏ ကျင့်ကြံသူများသည် နယ်စွန်နယ်ဖျား ဒေသခံများအတွင်း၌သာ ကျင်လည် သတင်းသုံးခဲ့ရ၍ အေဒီ ၉ ရာစုတွင် မဟာယနတို့၏ အဓိပပင်မဖြစ်သည့် နာလန်ဒါ နှင့် ဝိခမရှီလ တို့ကဲ့သို့ တက္ကသိုလ်ကြီးများအား ဆက်ခံခွင့် ရရှိခဲ့ပေသည်။ မူဆလင်များ ဝင်ရောက်လာသော အေဒီ ၁၂ ရာစုတွင် အခြား များစွာသော ဗုဒ္ဓဘာသာဂိုဏ်းများနှင့်အတူ ဟီနယာနသည်လည်း မှေးမှိန်ပျောက်ကွယ် သွားခဲ့ရပေသည်။ ၎င်းသည် တိဘက်သို့လည်း ပြန့်နှံ့ခဲ့ပြီး အေဒီ ၇ ရာစုမှ ၁၂ ရာစုထိ ပြောင်မြောက်သော ကူးဆက်မှုများကို ပြုခဲ့၍ ယနေ့ထိတိုင် ဗုဒ္ဓဘာသာကြီးစိုးရာ ဒေသဖြစ်နေပေသည်။ ဂျပန်တွင်လည်း အတိုင်းအတာ တစ်ရပ်အခြေ တည်ခဲ့၍ ၎င်းမှ **ချင်ဇို** ဗုဒ္ဓဘာသာအဖြစ် ကူးပြောင်းလာခဲ့ပေသည်။

## (၉) တကျော့ပြန် ထေရဝါဒ (အေဒီ ၁၁ ရာစုမှ –)




ထေရဝါဒ ဗုဒ္ဓလာသာ ပြန့်နှံ့လာခြင်း (အေဒီ ၁၁ ရာစုမှ – )

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

အစ္စလာမ်များ ဝင်ရောက်လာပြီး အိန္ဒိယ ပင်မမြေမှ ဗုဒ္ဓဘာသာ ဆုတ်ယုတ်သွားသော အေဒီ ၁၁ ရာစုမှ စတင်၍ အရှေ့တောင်အာရှတွင်လည်း မဟာယနများ၏ မှေးမှိန်ခြင်းသို့ ဦးတည်သွားပေသည်။ အိန္ဒိယတိုက် ငယ်ကို ဖြတ်လျှက် တိုက်ကြီးများ၏ လမ်းကြောင်းသည် ပင်လယ်ရေကြောင်းမှ သီရိလင်္ကာကို ဖြတ်လျှက် အရှေ့အလယ်ပိုင်းမှသည် တရုတ်ပြည်အထိ ဖွံ့ဖြိုးလာခဲ့ပေသည်။ ထိုမှ အေဒီ ၁၁ရာစု ပတ်ဝန်းကျင်ခန့်တွင် သီရိလင်္ကာမှ ပါဠိ မှတ်တမ်းများဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာသည် ဒေသတွင်း မိတ်ဆက်လာခဲ့ပေတော့သည်။

သမိုင်းဝင် မြန်မာအင်ပါယာအား ထူထောင်သော အနော်ရထာ (အနုရုဒ္ဓ) အေဒီ (၁၀၄၄– ၁၀၇၇) သည် တိုင်းပြည်အား စုစည်းလျှက် ထေရဝါ ဗုဒ္ဓဘာသာကို ထောက်ပံ့ခဲ့ပေသည်။ အေဒီ ၁၁ ရာစုနှင့် ၁၃ ရာစု အကြား နေပြည်တော်ဖြစ်ခဲ့သော ပုဂံတွင် ထောင်ပေါင်းများစွာသော စေတီပုတိုးများကို သင်္ကေတအဖြစ် တွေ့ရ၍ ၎င်း တို့မှ ၂၀၀၀ ဝန်းကျင်ခန့်သည် ယခုတိုင် တည်ရှိနေပေသည်။ နေပြည်တော် ပုဂံအား ၁၂၈၇ တွင် မွန်ဂိုများ သိမ်းပိုက်သော အခါ မြန်မာများ အာဏာယုတ်လျော့ခဲ့၍ ထိုင်းတို့ တန်ခိုးထွားခဲ့ပေသည်။ သို့သော် ထေရဝါဒ ဗုဒ္ဓဘာသာသည် ယနေ့ထိ မြန်မာနိုင်ငံ၏ ပင်မ ဘာသာပင် အဖြစ် ကျန်ရှိနေပေသည်။ (၁၉) ရာစု နှောင်ပိုင်း မြန်မာတို့၏ နောက်ဆုံး မင်းဆက်၏ နောက်ဆုံးမင်း သီပေါမတိုင်မီ နန်းတက်လာသော မင်းတုန်းမင်း လက်ထက် တွင် သီဟိုမူ ပေစာ ပါဠိတော်များကို ကျောက်ထက်အက္ခရာတင်ခြင်း ပြုလုပ်၍ ၎င်းကို ပဉ္စမသံဃာယနာ ဟု ကင်းပွန်းတပ်ခဲ့ပေသည်။

ထိုင်းနိုင်ငံအား အသစ်ပြန်လည် ထူထောင်သော **စကိုထိုင်း** မင်းဆက်ကလည်း အေဒီ ၁၂၆၀ ပတ်ဝန်း ကျင်တွင် ထေရဝါဒ ဗုဒ္ဓဘာသာအား ထောက်ပံ့ခဲ့၍ အယုဒ္ဒ ခေတ် (၁၄ ရာစုမှ ၁၈ ရာစု) တွင် ပိုမို အင်းဖြည့်ခဲ့ပြီး ထိုင်းလူ့ အသိုင်းအဝိုင်း၏ အတွင်းအစိတ်အပိုင်း ဖြစ်လာခဲ့ပေသည်။

၂၀ ရာစုအတွင်း အရှေ့တောင်အာရှ နိုင်ငံများ လွတ်လပ်ရေးရလာသော အခါ ထေရဝါဒဗုဒ္ဓဘာသာ အား ကောင်းသော မြန်မာနိုင်ငံတွင် ဝန်ကြီးချုပ်ဦးနု လက်ထက်၌ မင်းတုန်းမင်းလက်ထက် တင်ခဲ့သော ပဉ္စမ သံဃာယနာမှ ကျောက်ထက် အက္ခရာများကို ပုံနှိပ်စာဖြင့် ဆဋ္ဌမ သံဃာယနာဟု ကင်ပွန်းတပ်၍ မှတ်တမ်း တင်ခဲ့သည်။ ထိုမှတ်တမ်း ပိဋကသည် ရှင်အရဟံ (မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာအား စတင် မိတ်ဆက်သူ)၏၊ ပိဋက စာမူနှင့် မတူဟူ၍၊ ရှင်ဥတ္တဇ္ဈကဲ့သို့ ရဟန်းပညာတတ်များက အမြတ်တနိုး မရှိခဲ့ပေ။

တိုက်ငယ်ဒေသဖြစ်သည့် လာအိုနှင့် ကမ်ဘောဒီးယားများသို့ အေဒီ ၁၃ ရာစုတွင် ထေရဝါဒ တို့ ထိုးဖေါက် ဝင်ရောက် သွားခဲ့ပေသည်။ သို့သော် ကမ်းရိုးတန်းဒေသများနှင့် အရှေ့တော်အာရှ၏ ကျွန်းများဆီသို့ ၁၄ ရာစုမှ စ၍ အစ္စလာမ်သာသာနာမှာ အင်အားကောင်း ထွားကျိုင်းလာ၍ မလေးရှား၊ အင်ဒိုနီးရှား၊ များစွာသော ကျွန်းများ နှင့် ဖိလစ်ပိုင် တောင်ပိုင်းထိ ပြန့်နှံ့သွားခဲ့ပေသည်။

သို့သော် “ကွန်မြူနစ်ပါတီ၏ စီရင်ချက် ဟု စွပ်စွဲထားသော ၁၉၆၅ စက်တင်ဘာ လူသတ်ပွဲ” ဟု ခေါ်သည့် သွေးမြေကျ ဖြစ်ရပ်ပြီး **ဆူဟာတို** အာဏာရလာသော ၁၉၆၆ ခုမှ စ၍ အင်ဒိုနီးရှားတွင် ဗုဒ္ဓဘာသာ ပြန်လည် ရှင်သန်လာနိုင်ခဲ့ပေသည်။ “အင်ဒိုနီးရှားလူထု၏ လိုအပ်ချက်အတွက် အင်ဒိုနီးရှားတွင် ဘာသကြီး ငါးရပ်အား တရားဝင်ဘာသာများ အဖြစ် အမိန့်ထုတ်ခဲ့ပေသည်။ ၎င်းတို့မှာ အစ္စလာမ်၊ ပရိုတက်စတင့်၊ ရိုမန်ကက်သလစ်၊ ဟိန္ဒူနှင့် ဗုဒ္ဓဘာသာတို့ ဖြစ်သည်။” ယနေ့တွင် အင်ဒိုနီးရှား၌ ဗုဒ္ဓဘာသာဝင် ၁၀ သန်းခန့်ရှိ၍ အများစုမှာ တရုတ်နွယ်ဘွားများ ဖြစ်ပေသည်။

## အနောက်ဘက်သို့ ပြန့်နှံ့ခြင်း

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com



**ခရစ်တရားတော်အား ဟောနေသည့် ရှင်ဂျိုဇာဖက် (၁၂ ရာစု ဂရိ စာမူ)**

ဗုဒ္ဓဘာသာနှင့် ပတ်သက်၍ ဂရိ-ဗုဒ္ဓ အနုပညာလက်ရာမှ ဗုဒ္ဓဘာသာနှင့် အနောက်တိုင်းတို့ကြား မှတ်တမ်းများ၊ သတင်းအချက်အလက်များ၊ နှင့် ရှေးစကားစဉ်များကို သေချာစွာ စူစမ်း ချက်အရ ဗုဒ္ဓဘာသာသည် အနောက်တိုင်းသို့ ပြတ်တောင်းပြတ်တောင်း ရောက်ရှိခဲ့ဟန်ရှိပေသည်။ ဂျွန် ဒမတ်စကတ်၏ ဂရိဘာသာပြန် ဗုဒ္ဓဝင်နှင့် (အိန္ဒိယ ခရစ်ယာန် ဘုန်းကြီးများဖြစ်သော) ဘာလမ်နှင့် ဂျိုဇာဖက်တို့၏ ဇတ်လမ်းများသည်လည်း ခရစ်ယာန်များသို့ စီးဝင်လျှက်ရှိခဲ့သည်။ အေဒီ ၁၃၀၀ တွင် ဂျိုဇာဖက်၏ ခရစ်ယာန် ကာသိုလစ် ရဟန္တာ ဖြစ်သည် ဟူသော ဇတ်လမ်းသည် ထင်ရှားလာခဲ့ပေသည်။

ဗုဒ္ဓဘာသာနှင့် ဥရောပကြား အခြား တိုက်ရိုက် ပြန်လှန်ဆက်ဆံရေး ဖြစ်ရပ်မှာ အလယ်ခေတ်ကာလ (အေဒီ ၁၁၀၀ နှင့် ၁၄၀၀ ကြား) ပြင်သစ် ဘရင်ဂျီဘုန်းကြီ ရတ်ဘရာ့က်မှ ဝီလျံအား ပြသစ်ဘုရင် စိန့်လူးဝစ်က အေဒီ ၁၂၃၅ တွင် မွန်ဂိုနန်းတော် မောင့်ဂွတ်အား သံတမန်အဖြစ် စေလွှတ်ခြင်းပင် ဖြစ်၏။ ထိုဆက်သွယ်မှုမှာ ခိုင်းလက်ခ် (ယနေ့ ကွာယလက်ခ် ကာဇစ္စတန်)တွင် ဖြစ်ခဲ့၍ ဝီလျံအား ထိမ်းကျောင်းရခက်သော (အယူ ပေ့ါသော) ခရစ်ယာန်ဟု ထင်မှတ်ရပေသည်။ (Foltz, "Religions of the Silk Road").

**ဟူလာဂူ** ခေတ်ကာလနောက်ပိုင်းတွင် မွန်ဂို အီလ်ခန်းတို့သည် ဗုဒ္ဓဘာသာအား တစစဖြင့် သိမ်းသွင်းလာခဲ့ သည်။ များစွာသော ဗုဒ္ဓဘာသာ သာသနိက အဆောက်အအုံများ၌ ပါရှားနှင့် အီရတ် နယ်လျှောက်၌ ကွက်ကြား ကွက်ကြား ရှိနေခဲ့ပေသည်။ ၎င်းတို့မှ မည်သည့်အရာမှ အေဒီ ၁၄ ရာစုတွင် မတည်ရှိတော့ပေ။ အီလ်ခန်းနိတ်၏ ဗုဒ္ဓဘာသာတို့၏ အခြေအမြစ်များသည် **အာ့ဂ်ဟန်**နှင့်အတူ နိဌိတံသွားခဲ့သည်။

အနောက်တိုင်းသားများ အာဏာရှိနေစဉ်  ဘာသာတရားနှင့် ၎င်း၏ ထင်ရှားရှင်းလင်းသော အနုပညာ လက်ရာများအား မျက်မှောက်ဖြစ်သော ကိုလိုနီခေတ်ကာလ အတွင်းတွင် ဗုဒ္ဓဘာသာအား စိတ်ဝင်စားမှုမှာ တိုးပွားလာခဲ့ ပေသည်။ ၁၈၅၃ ခု ဂျပန် ဖွင့်ပွဲက ဂျပန်၏ စိတ်ဝင်စားဘွယ် ကောင်းသော အနုပညာနှင့် ရိုးရာ အဖြစ် သုံးသပ်မိရန် ဖန်တီးနိုင်ခဲ့သည်။ ၎င်းသည် ကမ္ဘာ့ အရှင်သန်ဆုံး ဗုဒ္ဓဘာသာရိုးရာအဖြစ် တင်ဆက် နိုင်ခဲ့ ပေသည်။ ၂၀ ရာစု၏နောက်တွဲ ဆူညံမှုများနောက် အနောက်တိုင်းတွင်  သာမာန်ပြည်သူများအကြား ဗုဒ္ဓ ဘာသာအား စိတ်ဝင်တစား ရှိလာခဲ့ပေသည်။

ဗုဒ္ဓဘာသာသည် ၎င်း၏ သည်းခံမှုကို သွန်သင်ခြင်း၊ ဘုရားသခင်မှ ဩဇာအချုပ်ခြာ ပိုင်ဆိုင်မှု မရှိခြင်းနှင့် စိစစ်တွေးတောခြင်း (ဝိပဿနာ)၊ မိမိကိုယ်မိမိ ပြန်လည်သုံးသပ်ခြင်းဖြင့် ပကတိဖြစ်တည်မှုကို နားလည်အောင် ချည်းကပ်ခြင်းများကြောင့် ဆွဲဆောင်မှုပါဝါ ခိုင်မာလျှက်ပင် ရှိနေပေသည်။

**ဦးဌေးလွင်ဦး ပြန်ဆိုပြုစုသည်။**

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com